# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက် ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၂)၊ အမှတ်(၃၁၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း) စတင်ဖွင့်လှစ် လည်ပတ်ခြင်းအခမ်းအနား ကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၁၂

မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၊ သတင်းစာ စက္ကူစက်ရုံ (သာပေါင်း) စတင်ဖွင့်လှစ် လည်ပတ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ဖွင့်လှစ်ပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်ရုံနေရာသို့ ရောက်ရှိကြရာ


*စာမျက်နှာ ၃ ကော်လံ ၁* ❐




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သတင်းစာစက္ကူစက်ရုံ (သာပေါင်း)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။




မြန်မာ့အလင်း

# ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးနှင့် အားကစားမြှင့်မားရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့ဆက်ဆောင်ရွက်သွားမည့် ဦးတည်ချက် (၉) ရပ်တွင် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ဟူသော လူမှုရေးဦးတည်ချက်တစ်ရပ်လည်း ပါဝင်သည်။ အားကစားကဏ္ဍကို မြှင့်တင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားတို့၏ ကျန်းမာကြံ့ခိုင်ရေးအတွက်သာမက နိုင်ငံတကာအလယ်တွင် မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားထည်ဝါရေးအတွက်လည်း လွန်စွာအရေးပါသည်။

ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်ကြရာတွင် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးနှင့် ခန္ဓာကိုယ်ကြံ့ခိုင်ရေးတို့အတွက် ရည်ရွယ်ပါက ငယ်စဉ်ဘဝကစ၍ အသက်အရွယ်ကြီးရင့်လာသည့်ကာလအထိတိုင်အောင် မိမိတို့နှစ်သက်ရာ အားကစားတစ်မျိုးမျိုးကို မိမိ၏အင်အားနှင့် ချင့်ချိန်ကာ ပုံမှန်ပြုလုပ်နိုင်ကြသော်လည်း ပြည်တွင်းနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အထိ ရည်ရွယ်ပါက ခွန်အား၊ သက်လုံ၊ ကျွမ်းကျင်မှု၊ နည်းစနစ်နှင့် ပြိုင်ပွဲဝင်ဉာဏ်ရည်စသည်ဖြင့် အဘက်ဘက်က ပြည့်စုံသာလွန်အောင် လေ့ကျင့်ဖြည့်ဆည်းမှုများ ပြုလုပ်ကြရသည်။ "အားကစားအဆင့်အတန်းကောင်းမွန်အဆင့်မြင့်လာစေရေးအတွက် အားကစားကွင်းများ၊ အားကစားရုံများသည် သတ်မှတ်ထားသည့် အဆင့်အတန်းမီရန်လိုကြောင်း၊ ထိုသို့ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှသာလျှင် အားကစား တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ နည်းပြများသည်လည်း အရည်အချင်းပြည့်မီစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရောဝတီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် မှာကြားခဲ့သည်။

ဘောလုံး၊ ဘော်လီဘော၊ ရေကူး၊ လက်ဝှေ့၊ ပြေးခုန်ပစ်စသည့် အိုလံပစ်အားကစားနည်းများနှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံ၏ ရွှေရောင်လွှမ်းသောကာလများဟုဆိုလျှင် ၁၉၆၀ မှ ၁၉၈၀ ကြားဆယ်စုနှစ်များကိုသာ ပြန်လည်ရည်ညွှန်းနေကြရပြီး အဆိုပါအားကစားတို့၏ အဆင့်အတန်းမှာနောက်ပိုင်းတွင် တစ်စတစ်စကျဆင်းလာခဲ့ရာ ပြည်တွင်းအားကစားပြိုင်ပွဲများကို ပြည်သူက စိတ်ဝင်စားမှု မရှိသလောက်နီးပါးအထိ လျော့နည်းကျဆင်းလာခဲ့သည်။ အားကစားကဏ္ဍကို အားပေးမှုနှင့် စိတ်ဝင်စားမှုတို့ လျော့နည်းလာခြင်း၏ အကျိုးဆက်အနေဖြင့် အားကစားအဆင့်အတန်းလည်း နိမ့်ကျလာကာ နိုင်ငံတကာပြိုင်ပွဲများတွင်လည်း အောင်ပွဲတို့ ဝေးကွာသွားခဲ့ရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် အားကစားကွင်းများ၊ အားကစားရုံများကို အဆင့်အတန်းမီ ဆောက်လုပ်ပေးခြင်း၊ အားကစားနည်းအလိုက် မျိုးဆက်သစ်လူငယ် အားကစားသမားများ ပြုစုပျိုးထောင်ခြင်း၊ အခြေခံပညာကျောင်းပေါင်းစုံ၊ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ သက်တမ်းအလိုက် ကလပ်ပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းစသည်ဖြင့် စဉ်ဆက်မပြတ်ရှင်သန်လှုပ်ရှား၍ နိုင်ငံအတွက် လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာအောင် မွေးထုတ်ပေးနိုင်ရန်လိုသည်။ အထူးသဖြင့် အဆင့်မီဆောက်လုပ်ထားသည့် အားကစားကွင်းများ၊ အားကစားရုံများတွင် လူငယ်အားကစားသမားများ၏ လေ့ကျင့်မှုများ၊ ယှဉ်ပြိုင်မှုများနှင့် စည်ကားအသက်ဝင်နေသကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခုကို အင်တိုက်အားတိုက် စွဲမြဲစွာပြုလုပ်လာကြသည်နှင့်အမျှ ပြည်သူ့ကျန်းမာရေးနှင့် အားကစားကဏ္ဍတို့ တိုးတက်မြင့်မားလာမည် မလွဲကေန်ဖြစ်ပါကြောင်း။ ။



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုဒေသ ကူဘင်ကာ၌ ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် (ARMY-2023) နှင့် (၁၁) ကြိမ်မြောက် နိုင်ငံတကာ လုံခြုံရေးဆိုင်ရာ ညီလာခံ (XI Moscow Conference on International Security) သို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ Counsellor ဖြစ်သူ Mr. Pavel KLABUKOVနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## နိုင်ငံတော်အရန်ဆန်များ စုဆောင်းထားရှိမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၂

နိုင်ငံတော် အရန်ဆန်ဝယ်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် ယနေ့မွန်းလွဲပိုင်းတွင် အရန်ဆန်ဝယ်ယူရေး ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့်အတူ ဒုတိယအကြိမ် ဝယ်ယူစုဆောင်းနေသည့် နိုင်ငံတော် အရန်ဆန်များ စုဆောင်းထားရှိမှုကို ကွင်းဆင်းစစ်ဆေးသည်။ **(အောက်ပုံ)**

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ အစီအစဉ်ဖြင့် အရန်ဆန်အိတ် နှစ်သိန်းကို ယခုနှစ် မေလအတွင်း ပထမအကြိမ် ဝယ်ယူစုဆောင်းခဲ့ပြီး သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများသို့ နိုင်ငံတော်မှ ဖြန့်ခွဲပေးပို့ခဲ့ပြီးဖြစ်သည်။

ယခုအခါ ထပ်မံ၍ သဘာဝဘေးအန္တရာယ် ကျရောက်သည့် ဒေသများသို့ ဆက်လက်ပံ့ပိုးပေးနိုင်ရေးအတွက် နိုင်ငံတော် အရန်ဆန်ဝယ်ယူရေး ကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ညှိနှိုင်း၍ ဒုတိယအကြိမ် ဆန်အိတ်ငါးသိန်းကို ထပ်မံဝယ်ယူစုဆောင်း၍ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ အစီအစဉ်ဖြင့် သဘာဝဘေး အန္တရာယ်ကျရောက်သည့် ဒေသများသို့ ဆက်လက်ပို့ဆောင်ပေးရန် စီစဉ်ထားရှိမှုအပေါ် ဝယ်ယူစုဆောင်းထားသည့် အရန်ဆန်များ သတ်မှတ်အရည်အသွေးနှင့် အလေးချိန်ပြည့်မီခြင်း ရှိ၊ မရှိ စစ်ဆေးပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝဘေးသင့် ဒေသများသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

## အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်း အသိပညာပေးရှင်းလင်း

မန္တလေး ဩဂုတ် ၁၂

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲအခွန်ဥပဒေများနှင့်အညီ ပြေစာအမှတ်တံဆိပ် (အခွန်အမှတ်တံဆိပ်) ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ၂၈ ရုံး၌ ဩဂုတ်လ ဒုတိယပတ်အတွင်း ကျင်းပသည်။

အခမ်းအနားများတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များနှင့် ပြေစာအမှတ်တံဆိပ် (အခွန်အမှတ်တံဆိပ်) ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော လုပ်ငန်းရှင်အခွန်ထမ်းများက မရှင်းလင်းသည့် အချက်များ မေးမြန်းရာ တာဝန်ရှိသူများက ပြည်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအခမ်းအနားများသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင် ၇၇၅ ဦး၊ ရွှေဆိုင်လုပ်ငန်းရှင် ၂၇၉ ဦး၊ ဟိုတယ်/ တည်းခိုခန်းလုပ်ငန်းရှင် ၃၇၈ ဦး၊ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများ လုပ်ငန်းရှင် ၁၃၀ စုစုပေါင်း ၁၅၆၂ ဦး တက်ရောက်သည်။

**သတင်းစဉ်**








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သတင်းစာစက္ကူစက်ရုံ (သာပေါင်း) စတင်ဖွင့်လှစ် လည်ပတ်ခြင်းအခမ်းအနားတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။

❐ *ရှေ့ဖုံးမှ*

အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့မှ ဝန်ထမ်းများ၊ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများက လိုက်လံနှုတ်ဆက်ကြသည်။ ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက သာပေါင်းစက္ကူစက်ရုံအတွက် ကုန်ကြမ်းရရှိနိုင်မှု၊ လေ့လာဆန်းစစ်ချက်များအရ ဝါးအမျိုးမျိုးမှ ပျော့ဖတ်ရရှိနိုင်မှုနှင့် စက္ကူပျော့ဖတ်ထုတ်လုပ်နိုင်ရေး စိုက်ပျိုးသင့်သည့် ဝါးများနှင့် သစ်မျိုးများအား ဆန်းစစ်ဆောင်ရွက်ခဲ့မှု၊ ပုဂ္ဂလိက သစ်မာစိုက်ခင်းများမှ စက္ကူပျော့ဖတ်ကုန်ကြမ်းရရှိနိုင်မှု၊ စက်ရုံအတွက် ပျော့ဖတ်ကုန်ကြမ်းရရှိနိုင်ရေး ဝါးနှင့် သစ်မာစိုက်ခင်းတည်ထောင်ရန် မြေနေရာ ခွင့်ပြုပေးထားမှုအခြေအနေများကို လည်းကောင်း၊






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သတင်းစာစက္ကူစက်ရုံ(သာပေါင်း) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သတင်းစာစက္ကူစက်ရုံ (သာပေါင်း)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က သတင်းစာစက္ကူစက်ရုံ(သာပေါင်း) လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့်ဓာတ်ငွေ့များ ပို့လွှတ်နိုင်ရေး ကန်ကြီးထောင့်-သာပေါင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ စစ်ဆေးပြုပြင်ခြင်း ဆောင်ရွက်ခဲ့မှုနှင့် ပိုက်လိုင်းအစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့မှု၊ သဘာဝဓာတ်ငွေ့ ထိန်းချုပ်ဖြန့်ဖြူးရေးစနစ်များကို အဆင့်မြှင့်တင်ခဲ့မှု၊ စက်ရုံအတွက် ဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများကို လည်းကောင်း၊

**ရှင်းလင်းတင်ပြ**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း) ဆိုင်ရာ အချက်အလက်များ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းသို့ စက်ရုံလုပ်ငန်းများအား လွှဲပြောင်းပေးအပ်နိုင်ရေး မြေပြင်ကွင်းဆင်း ဆောင်ရွက်ခဲ့မှုနှင့် လွှဲပြောင်းပေးအပ်ခဲ့မှု၊ စက်ရုံ၌ ဝန်ထမ်းများ တာဝန်ထမ်းဆောင်လျက်ရှိသည့်အခြေအနေများနှင့် စက်ရုံပြန်လည် လည်ပတ်နိုင်ခြင်းအတွက် အကျိုးကျေးဇူးများစွာရရှိနိုင်သည့်အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့ကို စက်မှုဝန်ကြီးဌာနမှ မြန်မာစီးပွားရေးကော်ပိုရေးရှင်းသို့ လွှဲပြောင်းရယူဆောင်ရွက်ခဲ့မှု၊ စက်ရုံအတွက်လိုအပ်သည့် ဝါးနှင့် သစ်မာစိုက်ခင်းများ လိုအပ်လျက်ရှိမှုနှင့် စိုက်ပျိုးထားရှိမှု၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း)ပြန်လည်လည်ပတ်နိုင်ရေး စက်ပစ္စည်းများ၊ လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ခဲ့မှုနှင့် စက်ကိရိယာများ တပ်ဆင်ထားရှိမှု၊ မူလစက်တပ်ဆင်သည့် ကုမ္ပဏီမှ ပညာရှင်များဖြင့် စက်ကိရိယာများအားလုံး နေရာတကျဖြစ်စေရေး ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

**လမ်းညွှန်အမှာစကားပြောကြား**

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်အမှာစကား ပြောကြားရာတွင်

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးပုဂ္ဂိုလ် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောတို့က သတင်းစာစက္ကူစက်ရုံ(သာပေါင်း) စတင်လည်ပတ်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သဘာဝဓာတ်ငွေ့ပို့လွှတ်မှု Gas Station ကို ဓာတ်ငွေ့ပိုက်လိုင်းဘားလှည့်၍ ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၃ မှ*

ယနေ့သည် နိုင်ငံ၏စက္ကူလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) ကို ပြန်လည်လည်ပတ်နိုင်ခဲ့သည့်နေ့ဖြစ်၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့ဖြစ်ပါကြောင်း၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့အနေဖြင့် ယခင်က လုပ်ငန်းလည်ပတ်ခဲ့ပြီးဖြစ်သည့် စက်ရုံများဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းလည်ပတ်မှုများ ရပ်တန့်ခဲ့ရကြောင်း၊ နေ့စဉ်အသုံးပြုနေရသည့် ရုံးသုံး၊ ကျောင်းသုံး၊ သတင်းစာ စသည့်စက္ကူလိုအပ်ချက်များစွာကို နှစ်စဉ်ပြည်ပမှ တင်သွင်းအသုံးပြုနေရသည့်အတွက် နိုင်ငံခြားငွေများစွာ သုံးစွဲကုန်ကျရလျက်ရှိကြောင်း၊ ယခင်က စစ်တောင်းစက္ကူစက်ရုံ၊ ရေနီစက္ကူစက်ရုံနှင့် သာပေါင်းစက္ကူစက်ရုံတို့ကို ဆောင်ရွက်ခဲ့ပြီး စစ်တောင်းစက္ကူစက်ရုံမှာ သက်တမ်းကြာမြင့်ပြီဖြစ်သဖြင့် ဖျက်သိမ်းပြီးဖြစ်ကြောင်း၊ ယခုစက်ရုံစုသည် စွမ်းအားပြည့်လည်ပတ်နိုင်ပါက သတင်းစာစက္ကူအပြင် အခြားစက္ကူအမျိုးအစားများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ခေတ်ကာလ၏ အခြေအနေအရ Online မီဒီယာအသုံးပြုမှု ပိုမိုများပြားလာပြီး Printed မီဒီယာပိုင်း အားနည်းချက်ရှိလာသည်ကို တွေ့ရှိရကြောင်း၊ သတင်းစာစက္ကူလိုအပ်ချက်များမှာ ယခင်ကထက် လျော့နည်းလာသည်ကို တွေ့ရှိရသော်လည်း နေ့စဉ်ထုတ်သတင်းစာများသည် သမိုင်းကို ဖော်ပြနေခြင်းဖြစ်သဖြင့် နိုင်ငံတိုင်းတွင် သတင်းစာများကို နေ့စဉ်ရိုက်နှိပ်ထုတ်ဝေနေရဆဲဖြစ်ပြီး သတင်းစာစက္ကူ လိုအပ်ချက်သည်လည်း အမြဲမပြတ်ရှိနေမည်ဖြစ်ကြောင်း။

**ကြိုးပမ်းဆောင်ရွက်ပေးရန်လို**

သတင်းစာစက္ကူစက်ရုံ (သာပေါင်း) အနေဖြင့် သစ်၊ ဝါး ကုန်ကြမ်းများစွာ လိုအပ်မည်ဖြစ်သဖြင့် စဉ်ဆက်မပြတ်ရရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ကြမ်းများ ရယူရာတွင် စက်ရုံအနီးဝန်းကျင်မှ ရရှိရန်လိုပြီး အဝေးမှသယ်ယူရမည်ဆိုပါက သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်များ များပြားမည်ဖြစ်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်သည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ စီးပွားရေးအရ တွက်ခြေကိုက်သည့် သစ်တောစိုက်ခင်း၊ ဝါးစိုက်ခင်းများ ရရှိရန်လိုကြောင်း၊ သွင်းအားစုများအနက် အဓိက လိုအပ်ချက်ဖြစ်သည့် သဘာဝဓာတ်ငွေ့ စဉ်ဆက်မပြတ်ရရှိရေးအတွက်လည်း စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်း။

**“ ယခုစက်ရုံစုသည် စွမ်းအားပြည့်လည်ပတ်နိုင်ပါက သတင်းစာစက္ကူအပြင် အခြားစက္ကူအမျိုးအစားများကိုလည်း ထုတ်လုပ်နိုင်၊ ခေတ်ကာလ၏အခြေအနေအရ Online မီဒီယာအသုံးပြုမှု ပိုမိုများပြားလာပြီး Printed မီဒီယာပိုင်း အားနည်းချက်ရှိလာသည်ကို တွေ့ရှိ၊ သတင်းစာစက္ကူလိုအပ်ချက်များမှာ ယခင်ကထက်လျော့နည်းလာသည်ကို တွေ့ရှိရသော်လည်း နေ့စဉ်ထုတ်သတင်းစာများသည် သမိုင်းကို ဖော်ပြနေခြင်းဖြစ်သဖြင့် နိုင်ငံတိုင်းတွင် သတင်းစာများကို နေ့စဉ်ရိုက်နှိပ်ထုတ်ဝေနေရဆဲဖြစ်ပြီး သတင်းစာစက္ကူ လိုအပ်ချက်သည်လည်း အမြဲမပြတ်ရှိနေမည်ဖြစ် ”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သဘာဝဓာတ်ငွေ့ ထိန်းသိမ်းဖြန့်ဖြူးရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်**

စက်ရုံရပ်နားထားသည့်အချိန်အတွင်း လာရောက်ကြည့်ရှုစစ်ဆေးစဉ် ယခင်က ထုတ်လုပ်ခဲ့သည့် သတင်းစာစက္ကူများကို ကြည့်ရှုစစ်ဆေးခဲ့ရာ အရည်အသွေးများစွာ ကောင်းမွန်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ သတင်းစာထုတ်လုပ်ခြင်း၌သာမက ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်မှုများအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စက္ကူလိုအပ်ချက်ကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲနေရမှုကို များစွာလျော့နည်းသွားစေမည်ဖြစ်ကြောင်း၊ အလားတူ အခြားသွင်းကုန်ပစ္စည်းများဖြစ်သည့် ရော်ဘာထုတ်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေးအတွက် အကြောင်းအမျိုးမျိုးကြောင့်

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Chip Preparation Plant အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၄ မှ*

ရပ်တန့်ထားရသည့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုစက်ရုံမှ စက္ကူထုတ်လုပ်မှုများ ဆက်လက်တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် သဘာဝဓာတ်ငွေ့ပို့လွှတ်မှု Gas Station ဖွင့်ပွဲကို သာပေါင်းသဘာဝဓာတ်ငွေ့ ထိန်းသိမ်းဖြန့်ဖြူးရေးစခန်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဓာတ်ငွေ့ပိုက်လိုင်းဘားကိုလှည့်၍ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု Gas Station ကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သဘာဝဓာတ်ငွေ့ထိန်းသိမ်းဖြန့်ဖြူးရေးစခန်းအတွင်း လှည့်လည်၍ Filtration System၊ Pressure Regulation System၊ Metering System တို့ဖြင့် ထိန်းသိမ်းဖြန့်ဖြူးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ သတင်းစာစက္ကူစက်ရုံ(သာပေါင်း) စတင်လည်ပတ်ခြင်းအခမ်းအနားကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သတင်းစာစက္ကူစက်ရုံ(သာပေါင်း) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Chip Preparation Plant ၌ နေရာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Chip Preparation Plant အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး သတင်းစာစက္ကူစက်ရုံ (သာပေါင်း) ကို စတင်လည်ပတ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်၍ Chip Preparation Plant၊ Paper Making Plant၊ Finishing Section တို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**မှတ်တမ်းတင် လက်မှတ်ရေးထိုး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သတင်းစာစက္ကူစက်ရုံ (သာပေါင်း)မှ ပထမဦးဆုံးထွက်ရှိလာသည့် သတင်းစာစက္ကူပေါ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သတင်းစာစက္ကူစက်ရုံ(သာပေါင်း) ပြန်လည်လည်ပတ်နိုင်ရေးတွင် ပါဝင်ခဲ့ကြသည့် ပြည်ပနည်းပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်းလက်ဆောင် ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွင်းလှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စက်ရုံပြန်လည်လည်ပတ်နိုင်ရေး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့မှ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြပြီး နေ့လယ်စာ မသုံးဆောင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုစက်ရုံသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စက်ရုံတစ်ခုဖြစ်ပါကြောင်း၊ ယခင်က အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့ရပြီး ယခုအချိန်တိုအတွင်း လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ခြင်းသည် မူလဝန်ထမ်းများ၏ ထိန်းသိမ်းထားရှိမှု အရည်အချင်းကောင်းများကြောင့်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းလည်ပတ်မှုဖြစ်ပြီး

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) အတွင်း လှည့်လည်ကြည့်ရှုစဉ်။

- ❖ **ယခုစက်ရုံသည် နိုင်ငံတော်အတွက်အရေးကြီးသည့် စက်ရုံတစ်ခုဖြစ်၊ ယခင်က အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့ရပြီး ယခုအချိန်တိုအတွင်း လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ခြင်းသည် မူလဝန်ထမ်းများ၏ ထိန်းသိမ်းထားရှိမှု အရည်အချင်းကောင်းများကြောင့်ပင်ဖြစ်၊ နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းလည်ပတ်မှုဖြစ်ပြီး များစွာအကျိုးဖြစ်ထွန်းစေမည်**
- ❖ **"စက်မှုစွမ်းအား ခေတ်ကျော်လွှား" ဆိုသည့်အတိုင်း စက်မှုကဏ္ဍတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်၊ စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုများကိုထုတ်လုပ်၍ ပြည်တွင်းအတွက် လိုအပ်သည့် ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများ များစွာလျှော့နည်းလာမည်ဖြစ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း)တို့မှ ဝန်ထမ်းများအား နေ့လယ်စာ မသုံးဆောင်မီ အမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၅ မှ*

များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် ယခုကဲ့သို့ ပြန်လည်ပြုပြင်မှုအနည်းဆုံးဖြစ်အောင် ထိန်းသိမ်းထားရှိမှုများကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း။

**"စာအုပ် စာပေ လူ့မိတ်ဆွေ"** ဆိုသည့် ဆိုရိုးစကားနှင့်အညီ စာပေသည် လူ့ဘဝတိုးတက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ စာပေများကို ဖတ်ရှုနိုင်ရေးအတွက် စာများ ပုံနှိပ်ထုတ်ဝေရန် စက္ကူများသည် မဖြစ်မနေလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၌ စက္ကူထုတ်လုပ်နိုင်သည့် ကုန်ကြမ်းပစ္စည်းများစွာရှိပြီး ဖြစ်သည့်အတွက် စက္ကူထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ရေး ယခုစက်ရုံကို ပြန်လည်လည်ပတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အလားတူ နိုင်ငံတစ်ခု တိုးတက်ရေးအတွက် စက်မှုကဏ္ဍသည် အလွန်အရေးပါကြောင်း၊ **"စက်မှုစွမ်းအား ခေတ်ကျော်လွှား"** ဆိုသည့်အတိုင်း စက်မှုကဏ္ဍတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုများကို ထုတ်လုပ်၍ ပြည်တွင်းအတွက် လိုအပ်သည့်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများ များစွာလျော့နည်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံတွင် ရှိပြီးဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြု၍ ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သဖြင့် အခြားစက်ရုံ၊ အလုပ်ရုံများ လည်ပတ်နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုသတင်းစာစက္ကူစက်ရုံ(သာပေါင်း)ကို ပြန်လည်လည်ပတ်နိုင်ခြင်းသည် နိုင်ငံ၏ စက်မှုကဏ္ဍကို အသစ်တစ်ဖန်ဆန်းသစ်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်၍ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သတင်းစာစက္ကူစက်ရုံ(သာပေါင်း)ကို အကြောင်းအမျိုးမျိုးကြောင့် ရပ်နားထားခဲ့ရပြီး ယခုအခါ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်၍ စက္ကူများ ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံတော်အတွက် လိုအပ်သည့် စက္ကူလိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည့်အတွက် နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ပြန်လည်ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပဲခူးမြို့နယ်အတွင်း ဖွင့်လှစ်ထားသော ယာယီရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးပြီး စားသုံးကုန်များ ထောက်ပံ့ပေး

ပဲခူး ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဩဂုတ် ၁၁ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် ယာယီ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ စားသုံးကုန်များ ထပ်မံသွားရောက်ထောက်ပံ့ခဲ့သည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ ကလျာဏီသိမ်တော်ကြီး ယာယီရေဘေးကယ်ဆယ်ရေးစခန်းနှင့် ကြေးနီကန်တိုက်အုပ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ရေဘေးသင့် ပြည်သူများကို သွားရောက်တွေ့ဆုံ အားပေး စကားပြောကြားခဲ့ပြီး ထမင်းထုပ်များ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ဆန်၊ ဆီ၊ အသား/ငါး၊ ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်း ရပ်ကွက်အတွင်း ရေဝင်မှုများကို စက်လှေများဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖောင်တော်ဦး ဘုန်းတော်ကြီးကျောင်းနှင့် အနောက်ရွှေနံ့သာ ဘုန်းတော်ကြီး ကျောင်းများရှိ ယာယီ ရေဘေးကယ်ဆယ်ရေး စခန်းများသို့ သွားရောက်၍ ရေဘေးသင့် ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေး စကားပြောကြားကာ စားသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ပေးမှုဖြင့် ပရဟိတအဖွဲ့များက ထမင်း/ဟင်းချက်ပြုတ်နေမှုများအား ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ရေဘေးသို့ လာရောက်ကူညီ၍ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည့် လူမှုကယ်ဆယ်ရေး အသင်း (ရန်ကုန်) နှင့် အခြား ပရဟိတ အသင်းများကို သွားရောက်တွေ့ဆုံ၍ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

## အင်းတော်မြို့ အ.ထ.က၌ လူငယ်စကားဝိုင်း ကျင်းပ

အင်းတော် ဩဂုတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ အထက်တန်းကျောင်း (အင်းတော်) တို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက်က အခြေခံပညာ အထက်တန်းကျောင်း(အင်းတော်) ရွှေရတုခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ အခမ်းအနားတွင် အင်းတော်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်ဂရိန်က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် လူငယ်စကားဝိုင်းတွင် ဆွေးနွေးဟောပြောမည့် ကျောင်းသား ကျောင်းသူများ နေရာယူခဲ့ကြပြီး အင်းတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိက လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ယင်းနောက် G – 11 မှ မအေးအေးမျိုးက လူငယ်နှင့်ဆိုရှယ်မီဒီယာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ G – 10 မှ မောင်အောင်ကျော်ခန့်က လူငယ်နှင့် ရည်မှန်းချက်ပန်းတိုင်၊ G – 9 မှ မောင်ညီညီအောင်က လူငယ်နှင့် မူးယစ်ဆေးဝါး၊ G – 8 မှ မမြယမင်းခကလူငယ်နှင့်အားကစား ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်ရှိ ရေနစ်မြုပ်ကျေးရွာများအား ကလိုရင်းဆေးခတ်ပေး

ဘီးလင်း ဩဂုတ် ၁၂

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဘီးလင်းမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သော ကျေးရွာများရှိ ရေတွင်း/ရေကန်များအား ကျေးရွာအရောက် သွားရောက်ကာ ကလိုရင်းဆေးများ ခတ်ပေးလျက်ရှိသည်။ အဆိုပါ ကလိုရင်းဆေးများ ခတ်ပေးခြင်းသည် ကျေးရွာများတွင် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သော ရေတွင်း/ရေကန်များ သန့်ရှင်းမှုရှိစေရန်နှင့် ပိုးမွှားများ ကင်းစင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မွှေး**

# အမျိုးသားပြတိုက် (နေပြည်တော်)၌ ခင်းကျင်းပြသထားသည့် ပြခန်းများကို လေ့လာကြည့်ရှုပြီး မြန်မာနိုင်ငံ၏ ရှည်လျားသည့် သမိုင်းစဉ်အဆက်ဆက်ကို လေ့လာနိုင်

**နေပြည်တော် ဩဂုတ် ၁၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက အမျိုးသားပြတိုက်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဦးစွာ အမျိုးသားပြတိုက်(နေပြည်တော်) Mini Theatre ၌ အမျိုးသားပြတိုက်(နေပြည်တော်)၌ ပြသထားသည့် ပြခန်းများနှင့် ပတ်သက်သည့် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုသည်။

ထို့နောက် ရှင်းလင်းခန်းမဆောင်၌ ပြည်ထောင်စုဝန်ကြီးက မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားမှု၊ အဆင့်အတန်းမြင့်မားပြီးကြွယ်ဝသည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် မြန်မာတိုင်းရင်းသားတို့၏ စွမ်းဆောင်ချက်များကို တစ်နေရာတည်းတွင် လေ့လာသိရှိနိုင်ရန် ပြတိုက်များကို တည်ဆောက်ပြသရခြင်းဖြစ်ကြောင်း၊ အမျိုးသားပြတိုက် (နေပြည်တော်)၌ ခင်းကျင်းပြသထားသည့် ပြခန်းများကို လေ့လာကြည့်ရှုပြီး မြန်မာနိုင်ငံ၏ ရှည်လျားသည့် သမိုင်းစဉ်အဆက်ဆက်ကို လေ့လာနိုင်ခြင်း၊ ဘိုးဘေးများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ် ဖြစ်ပေါ်လာစေခြင်းနှင့် မြန်မာနိုင်ငံသားများအဖြစ် ဂုဏ်ယူတတ်လာစေခြင်းတို့ ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံခြားသားများ၊ လေ့လာလိုက်စားသူ သုတေသီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများ အမျိုးသားပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာရာတွင် အဆင်ပြေချောမွေ့စေရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရန် ပြောကြားပြီး ပြတိုက်တွင် ခင်းကျင်း ပြသထားမှုများနှင့် ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။

**သတင်းစဉ်**



# နေပြည်တော်၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် **"ကမ္ဘာကြီးရေရှည်တည်တံ့ဖို့ လူငယ့်စွမ်းအားဖြင့် ဖန်တီးစို့"** ဆောင်ပုဒ်နှင့်အညီ မျိုးဆက်သစ်လူငယ်များ အချင်းချင်း ပူးပေါင်း၍ လူငယ်များ၏ စွမ်းအားကို အသုံးပြုပြီး ကမ္ဘာကြီး ရေရှည်တည်တံ့နိုင်စေရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံပြီး ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ စနစ်တကျ ချမှတ်၍ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးဆောင်ဝန်ကြီးဌာနများဖြစ်သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်အတူ ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားတွင် ထူးချွန်သည့် နိုင်ငံ့ဂုဏ်ဆောင် လူငယ်မောင်/မယ်များကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး စိတ်ဓာတ်စည်းကမ်း ကောင်းမွန်သည့် လူကောင်းလူတော်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များ၏ စွမ်းပကားဖြင့် လူမှုစီးပွားဘဝ သာယာဖွံ့ဖြိုးတိုးတက်သော အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ဖန်တီးပုံဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် Mr . Antonio Guterres က အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ပေးပို့လာသည့် သဝဏ်လွှာကို မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဖတ်ကြားခဲ့ပြီး ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်း (Video Clip)ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက ထူးချွန်ဆုရလူငယ်များအား ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ပြီး **(ဝဲပုံ)** လူငယ်များကိုယ်စား ထူးချွန်လူငယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ၏ စားရေရိက္ခာ ဖူလုံပိုလျှံရေးနှင့် တောင်သူများ ဝင်ငွေတိုးတက်ရေးအတွက် နည်းပညာနှင့်အကူအညီများ ပံ့ပိုးပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

ဒုတိယအကြိမ် တောင်သူ နည်းပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန တောင်သူလယ်သမားအခြေပြု ခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က နိုင်ငံ၏ စားရေရိက္ခာ ဖူလုံပိုလျှံရေးနှင့် တောင်သူများ ဝင်ငွေတိုးတက်ရေးအတွက် နည်းပညာနှင့်အကူအညီများ ပံ့ပိုးပေးလျက်ရှိပြီး စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လက်တွေ့ဆုံးဖြတ် ဆောင်ရွက်ချက်သည် တောင်သူများကိုယ်တိုင် ဆောင်ရွက်ရခြင်းဖြစ်၍ မှန်ကန်သော ဆောင်ရွက်မှုဖြစ်ရန် အသိပညာပေးလုပ်ငန်းများ၊ တောင်သူများ အတွေ့အကြုံနှီးနှောဖလှယ်နိုင်ရေးနှင့် အခက်အခဲကျော်ဖြတ်နိုင်မည့် နည်းလမ်းများကို ညှိနှိုင်းအဖြေရှာ ဆောင်ရွက်နိုင်စေရန် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို အပတ်စဉ် ကျင်းပပေးလျက်ရှိကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် တောင်သူနည်းပညာပေး ဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီအတွင်းမှ တောင်သူများတက်ရောက်ကြပြီး စိုက်ပျိုးရေးဦးစီးဌာန ပညာရှင်များနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသီများက မိုးစပါးအခြောက်စိုက်ခင်းများတွင် ဖိုးလမင်းကျိုင်းများ ကျရောက်ဖျက်ဆီးမှု ကြိုတင်ကာကွယ်ရေးနှင့် နှိမ်နင်းနည်းစနစ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာတွင် သဘာဝမြေဆွေး လက်တွေ့ပြုလုပ်ပြသထားမှုကို လာရောက်လေ့လာလျက်ရှိသည့် စိုက်ပျိုးရေးသိပ္ပံ ကျောင်းသားကျောင်းသူများကို တွေ့ဆုံ၍ သီးနှံပင်များအတွက် လိုအပ်သည့် အာဟာရဓာတ်များ အချိုးညီညီ ရရှိစေရန် ဓာတ်မြေဩဇာသာမက သဘာဝမြေဆွေးများနှင့် ရောစပ်အသုံးပြုရန် လိုအပ်ချက်များ၊ သီးနှံအကြွင်းအကျန်ကို အသုံးပြု၍ သဘာဝမြေဆွေးများ တစ်နိုင်တစ်ပိုင် ထုတ်လုပ်သုံးစွဲခြင်းဆိုင်ရာ နည်းစနစ်များကို လေ့လာရန်နှင့် လုပ်ငန်းခွင်ဝင်ရောက်ချိန်တွင် အကျိုးရှိစွာ ပြန်လည်အသုံးပြုကြရန် မှာကြားသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်၍ ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊ အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပပြီး ရန်ကုန်နှင့် မန္တလေးမြို့ရှိ ရွှေနှင့်ငွေကြေး ဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များက Online Virtual ဖြင့် တက်ရောက်ကြသည်။



အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ပို့ကုန်တင်ပို့သူနှင့် သွင်းကုန်တင်သွင်းသူများအကြား သဘောတူညီချက်များဖြင့် နိုင်ငံခြားငွေရောင်းဝယ်ခဲ့ခြင်း၊ ဈေးကွက်၏ အမှန်ရောင်းလိုအား၊ ဝယ်လိုအားကို မလျော်ညီသော လဲလှယ်နှုန်းများဖြင့် ရောင်းဝယ်ခဲ့ကြခြင်းနှင့် အခြားပြင်ပအကြောင်းအချက်များကို မူတည်၍ ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဇွန် ၂၂ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဦးဆောင်ပြီး AD လိုင်စင်ရဘဏ်များနှင့် Customer များအကြား၊ Customer အချင်းချင်းအကြား ရောင်းဝယ်ခြင်းကို Online Trading အစီအစဉ်ဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းအစီအစဉ်တွင် ပါဝင်မည့် ပို့ကုန်တင်ပို့သူ၊ သွင်းကုန်တင်သွင်းသူများ၊ ဘဏ်များ လိုက်နာရမည့်အခြေခံ သတ်မှတ်ချက်များအား သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း။

Online Trading အစီအစဉ်တွင် နိုင်ငံခြားငွေရောင်းလိုအားနှင့် ဝယ်လိုအားမျှတရန် ဗဟိုဘဏ်အနေဖြင့်လိုအပ်သလို ငွေကြေးပံ့ပိုးပေးနိုင်ခြင်း Financing ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်ရေးတွင် ယွမ်နှင့်ဘတ်တို့ အသုံးပြုကာ ပေးချေနိုင်သည့် အခြေအနေမှ ပုံမှန်ပင်လယ်ရေကြောင်းကုန်သွယ်ရေးတွင်လည်း ယွမ်နှင့်ဘတ်ဖြင့် ပေးချေနိုင်ပြီဖြစ်ပါကြောင်း၊ အမေရိကန်ဒေါ်လာဖြင့် ပေးချေမှုများကိုလျှော့ချပြီး ယွမ်နှင့်ဘတ်ကို တိုးမြှင့်သုံးစွဲခြင်းဖြင့် ယွမ်နှင့် ဘတ်လဲလှယ်နှုန်းများ ပြင်ပသက်ရောက်မှုများကြောင့် အတက်အကျမများဘဲ လဲလှယ်နှုန်း တည်ငြိမ်စေရေးအတွက် Online Trading အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ယင်း Online Trading အစီအစဉ်အရ ပို့ကုန်တင်ပို့သူများသည် သတ်မှတ်ကာလအတွင်း နိုင်ငံခြားငွေကို ပြည်တွင်းသို့ ပြန်လည်လွှဲပို့နိုင်သည့်အတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ Online Trading အစီအစဉ်တွင် ရောင်းဝယ်လျက်ရှိသော နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဘဏ်များ၏ Website တွင် တွေ့ရှိနိုင်သကဲ့သို့ ယင်းလဲလှယ်နှုန်းသည် တရားဝင်လဲလှယ်နှုန်းများဖြစ်ကြောင်း၊ ငွေကြေးဈေးကွက်တွင် နိုင်ငံခြားငွေကြေး ဈေးကစားသူများသည် ကောလာဟလ သတင်းအမျိုးမျိုးထုတ်လွှင့်ပြီး ငွေကြေးဈေးကွက် ကမောက်ကမဖြစ်စေရန် လှုံ့ဆော်နေသည်ကို အားလုံးသိရှိနိုင်ပါကြောင်း၊ နိုင်ငံခြားငွေကြေးများအား တရားမဝင်သောနည်းလမ်းများဖြစ်သည့် ဟွန်ဒီနည်းလမ်း၊ ငွေသားများ လက်သိပ်ထိုးရောင်းသောနည်းလမ်း၊ နယ်စပ်ဒေသရှိ တရားမဝင်လုပ်ငန်းများမှ ဝယ်ယူရောင်းချနေသူများရှိပါကြောင်း၊ ယင်းသို့ ပါဝင်ပတ်သက်ဆောင်ရွက်သည့် ပုဂ္ဂိုလ်များအား ကျော်ဇောသတင်းများအရ စစ်ဆေးဖော်ထုတ်ပြီး နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံခြားငွေကြေးဈေးကွက်တွင် Online Trading အစီအစဉ်ဆောင်ရွက်သကဲ့သို့ ရွှေတုံး၊ ရွှေခဲရောင်းဝယ်မှုများအတွက် Online Trading အစီအစဉ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယင်းရွှေဈေးကွက်တည်ငြိမ်ခိုင်မာရေးအတွက် အလေးချိန်သတ်မှတ်ချက်စံချိန်စံညွှန်း၊ အရည်အသွေး သတ်မှတ်ချက်စံချိန်စံညွှန်းနှင့် ဈေးနှုန်းသတ်မှတ်တွက်ချက်သည့် လုပ်ငန်းအစီအစဉ် (Mechanism) များအတိုင်း တရားဝင်မှတ်ပုံတင်လက်မှတ်ရှိသူများသာ Online Trading အစီအစဉ်တွင် တရားဝင်စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ရောင်းဝယ်ခွင့်ပြုရန်လိုအပ်ကြောင်း၊ ကြီးကြပ်စစ်ဆေးသူများအနေဖြင့် ရွှေဆိုင်များသည် ဈေးနှုန်းများတည်ငြိမ်မှုမရှိစေရန်နှင့် ကမောက်ကမဖြစ်အောင် ဈေးကစားသူများတွင် ပါဝင်နေခြင်း ရှိ/ မရှိ၊ သက်ဆိုင်ရာလုပ်ငန်းလိုင်စင်များနှင့် လိုအပ်သည့်မှတ်ပုံတင်လက်မှတ်များ ရှိ/ မရှိ၊ အမှန်တကယ် တရားဝင်အရောင်းအဝယ်ပြုလုပ်နေသည့် ဈေးနှုန်းများ၊ ငွေပေးချေသည့် နည်းလမ်းများစသည့်အချက်များကို သေချာစွာ စိစစ်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က လက်ရှိနိုင်ငံခြားငွေကြေးနှင့် ရွှေဈေးကွက်များအပြင် အိမ်ခြံမြေနှင့် မော်တော်ယာဉ်ရောင်းဝယ်သူများကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်လျက်ရှိသော Online Trading အစီအစဉ်ကဲ့သို့ သတ်မှတ်စည်းမျဉ်းစည်းကမ်းများချမှတ်ပြီး တရားဝင်အရောင်းအဝယ်ဆောင်ရွက်စေခြင်းဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ Social Media များနှင့် Internet Website များတွင် တရားဝင်လုပ်ကိုင်ခွင့်လိုင်စင် မရှိသော၊ မှတ်ပုံတင်ထားခြင်းမရှိသော နိုင်ငံခြားငွေ ရောင်းဝယ်သူများ၊ ရွှေဈေးကစားသူများ၏ မဟုတ်မမှန်ဈေးနှုန်းဖော်ပြပြီး အကျိုးအမြတ်ရရှိစေရန် မသမာသောနည်းလမ်းဖြင့် ဆောင်ရွက်နေသူများအား စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး၊ အဆိုပါကိစ္စရပ်များကို အများပြည်သူသို့ အသိပေးပြောကြားသွားရေးတို့ကို အသေးစိတ်ဆွေးနွေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘားအံမြို့၌ သံလွင်မြစ်ရေပြန်လည်ကျဆင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများထောက်ပံ့

**ဘားအံ ဩဂုတ် ၁၂**

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက် ၉၁၆ စင်တီမီတာအထိ မြင့်တက်ခဲ့ပြီး ဩဂုတ် ၁၂ ရက် နံနက်ပိုင်း တိုင်းတာချက်များအရ ၈၇၀ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းသွားရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်များ ဦးဆောင်၍ ရေကြီးနစ်မြုပ်ခဲ့သော ကမ်းနားလမ်းတစ်လျှောက်နှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မီးသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ အသုံးပြု၍ ကမ်းနားလမ်းတစ်လျှောက်တွင် တင်ကျန်နေသော ရွှံ့နွံနုန်းမြေများ၊ အမှိုက်သရိုက်များကို ဖယ်ရှားရှင်းလင်းမှု၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခွဲတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ အမှတ် (၈) ရပ်ကွက် ထောင်ဝိကွင်းတွင် စိုက်ပျိုးပြီး မိုးစပါးကေများ ရေလွှမ်းမိုးထိခိုက်မှုအခြေအနေများ၊ အမှတ်(၄) ရပ်ကွက် မြို့တော်ဦးဘုန်းတော်ကြီးကျောင်း ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ မြို့တော်အင်္ဂါရပ်များနှင့် အညီ သန့်ရှင်းသာယာ လှပစေရေး၊ အခြေခံပညာကျောင်းများ ရေကျသည်နှင့် ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ အမှတ်(၄) ရပ်ကွက် အမှတ် (၁၁) အခြေခံပညာမူလတန်းကျောင်း ရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၁) ရပ်ကွက်သုမေဓါရာမကြီးတောရဘုန်းတော်ကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ရွှေဝါခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းနှင့် အမှတ် (၁) ရပ်ကွက် မိုးလုံလေလုံအားကစားခန်းမတို့တွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးပြီး ရေဘေးသင့် အိမ်ထောင်စုများအတွက် ခေါက်ဆွဲခြောက်နှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်ကာ ကယ်ဆယ်ရေးစခန်းအတွင်း စနစ်တကျ နေရာချထားပေးမှု၊ ရေ၊ မီး၊ မိလ္လာ ပြည့်စုံလုံလောက်စွာ စီစဉ်ဆောင်ရွက်ပေးထားမှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ဝင်ဖရကျောင်းကြီး ဆရာတော် ဘဒ္ဒန္တ တေဇောဘာသအား သွားရောက်ဖူးမြော်၍ သာသနာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်ပြည်သူများအား တွေ့ဆုံကာ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆန်၊ ဆီနှင့် စားသောက်ကုန် ပစ္စည်းများကို ထောက်ပံ့ပေးထားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့သည့် တစ်ဦးလျှင် ဆန်ရိက္ခာဖိုး ငွေကျပ် ၉၀၀၀ နှင့် စားသောက်ကုန်များ၊ ယနေ့ ထပ်မံထောက်ပံ့မည့် ခေါက်ဆွဲခြောက်နှင့်ကြက်ဥများကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်မိုးစပါးကေများ ရှိပါက စာရင်းပြုစုတင်ပြပေးစေလိုပြီး မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး အိမ်ထောင်စု ၃၅ စု၊ လူဦးရေ ၁၅၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ပြည်နယ်ကမ္မဋ္ဌာန်းကျောင်း ဆရာတော် ဘဒ္ဒန္တသုဇာတအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အဆိုပါ ဘုန်းတော်ကြီးကျောင်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၈၅ စု၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၂၅၁ စု တို့အား ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး ခေါက်ဆွဲ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တိုင်းရင်းဆေးဆရာများ၏ ဆေးကုသမှု စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၁၂

**ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီတို့ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO တို့ ပူးပေါင်းဖွင့်လှစ်သော တိုင်းရင်းဆေးဆရာများ၏ ဆေးကုသမှုစွမ်းဆောင်ရည်မြင့်မားရေးမွမ်းမံသင်တန်းကို ဩဂုတ် ၁၀ ရက်မှ ၁၂ ရက်အထိ နေပြည်တော်ရှိ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့သည်။**

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ နာယက တိုင်းရင်း ဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေး ကောင်စီဥက္ကဋ္ဌ ဆရာကြီး ဦးမြင့်ဦးနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်း (ဗဟို) ဥက္ကဋ္ဌ ဆရာကြီး ဦးစိုးဝင်း၊ တိုင်းရင်း ဆေးပညာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန်းညွှန့်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်း ဆေးဆရာအသင်း ဗဟိုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဂရိတ်ဝေါ တိုင်းရင်းဆေး) နှင့် အလုပ်အမှု ဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ သင်တန်းသား သင်တန်းသူ၊ တိုင်းရင်း ဆေးဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတိုင်းရင်း ဆေးကောင်စီနာယက တိုင်းရင်း ဆေးပညာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်ဒေါက်တာစုစုဒွေးက အမှာ စကားပြောကြားပြီး **(အောက်ပုံ)** မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာ အသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်းက သင်တန်း ဖွင့်လှစ်ရခြင်းအကြောင်း များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ဆီးချို၊ သွေးတိုး၊ အဆစ်ရောင် ဘာသာရပ်များကို တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (ငြိမ်း) ပါမောက္ခဦးဝင်းစိုး၊ ပါမောက္ခ/ ဌာနမှူး ပါမောက္ခဒွေးလွင်နှင့် ပါမောက္ခ/ ဌာနမှူးပါမောက္ခ သန္တာ ခိုင်တို့က ဆွေးနွေးပို့ချခဲ့ပြီး ပြည်နယ် နှင့် တိုင်းဒေသကြီး အသီးသီးတို့မှ တိုင်းရင်းဆေး ဆရာ၊ ဆရာမတို့ တက်ရောက်ကြကြောင်း သတင်း ရရှိသည်။ **တီအမ်**





## မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင် အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် မကွေး တိုင်းဒေသကြီးအတွင်း စနစ်တကျဆည်ရေပေးဝေ နိုင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ပြုလုပ်ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင့်လွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ မကွေးတိုင်း ဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူ များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုး ထုတ်လုပ်မှုမြှင့်တင်ရေးအတွက် ဒေသရာသီဥတုနှင့် ကိုက်ညီသည့် သီးနှံမျိုးများ ပြောင်းလဲအသုံးပြု၍ တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်ရေး၊ မြစ်ရေတင်လုပ်ငန်း များကို ဘဏ္ဍာနှစ်အလိုက် တစ်ဆင့်ချင်းတိုး၍ ဆောင်ရွက်ပေးနိုင်ရေး၊ ရေချိုအရင်းအမြစ်များ ရှာဖွေ ဖော်ထုတ်၍ ရနိုင်သမျှရေရရှိရေး နည်းလမ်းများဖြင့် စိုက်ပျိုးရေဖူလုံရေးကို ဘက်ပေါင်းစုံမှ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး စိုက်ပျိုးမြေဧရိယာများများ အကျိုးပြုနိုင်မည့်နေရာများကို ဦးစားပေးလုပ်ဆောင် ရေး၊ တောင်သူများ လက်တွေ့ကျကျအသုံးပြုနိုင် သည့် လယ်ယာလုပ်ငန်းသုံးစက်ပစ္စည်းများ ထုတ်လုပ် နိုင်မည့် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် ရေး၊ ဆည်ရေသောက်ဧရိယာအလိုက် တစ်ကွင်း တဆက်တည်း ဧက ၁၀၀ အဆင့်မြင့် စနစ်တကျ လယ်ယာမြေ ဖော်ထုတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ ကို ဆွေးနွေးခဲ့ကြသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် သည် မကွေးမြို့နယ် တောင်ငူချောင်းကို မျောရိုက် ကျောက်ဖြည့် ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်း ခွင်နှင့် စည်ပင်သာကျေးရွာရှိ ရေစုတွင်းကျယ်မှ ရေပေးဝေခြင်း၊ ဆိုလာရေတင်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွ ကျေးရွာအုပ်စု ရန်ပယ်သတိုးတန်း ရေလွှဲတန်းအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပြီး ရေယူမြောင်း တူးဖော်ခြင်းလုပ်ငန်းခွင်၊ ဝါးခြမ်းကာ ရွာအနီး စက်ရေတွင်း ၂၃ တွင်း တူးဖော်ထားရှိပြီး တောင်သူဦးစိုးရီ၏ စိုက်ကွင်းအတွင်း လေးလက်မ စက်ရေတွင်း သုံးတွင်းပေါင်း၍ စိုက်ပျိုးရေအသုံး ပြုနေမှုနှင့် အင်ကြင်းကုန်းအုပ်စု မင်းကြီးရောင် ကျေးရွာ ရေလွှဲဆည်တည်ဆောက်ပြီး နွေစပါးစိုက်ပျိုး နိုင်ရေး လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တောင်တွင်း ကြီးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ရိပ်သာတွင် ခရိုင်နှင့် မြို့နယ်လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ သည် အောင်လံမြို့ ကျောက်ဆည်ဆိုလာလျှပ်စစ် ရေတင်စီမံကိန်းလုပ်ငန်းခွင်**(အပေါ်ပုံ)**နှင့် ပျဉ်းပင်လှ ကျေးရွာ ဒုရင်ဗိုလ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ကိုလည်းကောင်း၊အောင်လံမြို့နယ်ကျီရပ်ကုန်းကျေးရွာ အုပ်စုတွင် စက်မှုလယ်ယာဦးစီးဌာနက တာဝန်ယူ ဖော်ထုတ်ပြီးသည့် စနစ်ကျလယ်ယာမြေ ၁၆၈ဒသမ ၈၅ ဧကတို့ကို ကြည့်ရှုစစ်ဆေးပြီးဒေသခံ တောင်သူများ နှင့် ရင်းနှီးစွာတွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင် ဆောင်ရွက်ရေး အားပေးပြောကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်း ဒေသကြီး ပြည်ခရိုင် ငွေသပြာဆိုလာစနစ် ရေတင် လုပ်ငန်းနှင့် ပြည်မြို့ မတောင့်တရေလွှဲဆည်၊ အမှတ် (၃၀) စက်မှုလယ်ယာစခန်း(ပြည်မြို့) တို့ကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

## သံတွဲမြို့၌ အခြေခံစက်ချုပ်နည်းပညာ သင်တန်းဖွင့်

**သံတွဲ ဩဂုတ် ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန သံတွဲခရိုင်အသေး စားစက်မှုလက်မှုလုပ်ငန်း ဦးစီး ဌာနမှ ကြီးမှူး၍ အသေးစား ထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေး နိုင်ရေးနှင့် ကျေးလက်နေမိသားစု များ ဝင်ငွေတိုးပွားရေးစီမံကိန်း အရ အခြေခံစက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က သံတွဲမြို့ ရွှေလှေ ခေတ်မီစံပြကျေးရွာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယ ခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲမင်း အောင်က အမှာစကားပြောကြား ပြီး သံတွဲခရိုင် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ဦးစီး အရာရှိ ဒေါ်စုမြတ်မွန်က စီမံကိန်း သင်တန်းနှင့်ပတ်သက်၍ ဆွေးနွေး တင်ပြသည်။

အဆိုပါ အခြေခံစက်ချုပ် နည်းပညာသင်တန်း၌ သင်တန်း သူ ၁၀ ဦး တက်ရောက်လျက်ရှိပြီး တစ်လအကြာ ဖွင့်လှစ်သွားမည် ဖြစ်သည်။ မွမ်းမံစက်ချုပ်နည်း ပညာသင်တန်းကို ၁၅ ရက်ကြာ ထပ်မံ သင်ကြားပေးသွားမည်ဖြစ် ကာ ထူးချွန်သင်တန်းသူ ငါးဦး အား ငွေကျပ် ၁၀ သိန်း တန်ဖိုး ရှိ ထောက်ပံ့ပစ္စည်းများ ပေးအပ် သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်ဖြူမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျောက်ဖြူ ဩဂုတ် ၁၂**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေး ဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်း၍ လူငယ် စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီက အထက(ခွဲ) အလက(၂) ကျောင်းရှိ ပညာဝတီခန်းမ၌



ကျင်းပသည်။ **(အောက်ဝဲပုံ)**

ရှေးဦးစွာ ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်ယုယုနွယ် က လူငယ်များ စာဖတ်စွမ်းရည် တိုးတက်စေရေး၊ စာဖတ်ရှိန် မြှင့်တင်ရေးနှင့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်လူရွယ်များ ဖြစ်လာစေရေး စသည့် လူငယ် စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။ ထို့နောက်လူငယ် စကားဝိုင်းကို ဆက်လက်ကျင်းပ ရာ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး အရာရှိ ဦးသိန်းထွန်းအောင်က ဦးဆောင် ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့် အားကစား၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများသည် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲနှင့် မူးယစ်ဆေးဝါး အသိပညာပေး နံရံကပ်စာစောင် များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြောင်း သိရှိ ရသည်။ **တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)**

## ပုသိမ်ကြီးမြို့နယ်၌ သမဝါယမအသင်းမှ မိုးစပါးစိုက်ပျိုးထားရှိမှု ကွင်းဆင်းစစ်ဆေး

**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်မိုးတင့်သည် ယနေ့မွန်းလွဲ ၂နာရီက ပုသိမ်ကြီးမြို့နယ် ရွာသစ် ကျေးရွာနှင့် မနောသျှမကျေးရွာတို့ရှိ လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းတို့မှ မိုးစပါးစိုက်တောင်သူ ၈၅ ဦး၏ စိုက်ဧက ၂၇၂ ဧက စိုက်ပျိုးထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး သည်။

အဆိုပါကွင်းဆင်းရာတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီး ဌာန တိုင်းဒေသကြီးဦးစီးမှူးက လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ မြို့နယ်ဦးစီးမှူး ဒေါ်တင်မိုးနွယ်နှင့် ဝန်ထမ်းများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဇာနည်ကိုကို (ပြန်/ဆက်)**

သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းပြေ၏

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အများပြည်သူအခမဲ့ဖူးမြော်ခွင့်ပြုသည့် ပဉ္စမနေ့ ရုံးပိတ်၊ ကျောင်းပိတ်ရက်နှင့်တိုက်ဆိုင်သဖြင့် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း ကြက်ပျံမကျစည်ကား

**နေပြည်တော် ဩဂုတ် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့တွင် ဖူးမြော်ကြည်ညိုကြသူများဖြင့် ကြက်ပျံမကျစည်ကားလျက်ရှိသည်ကို မြင်တွေ့ရသည်။

**လာရောက်မှုများပြား**

ယနေ့တွင်ရာသီဥတုကြည်လင်လျက်ရှိသည့်အပြင် ရုံးပိတ်၊ ကျောင်းပိတ်ရက်ဖြစ်သည့်အားလျော်စွာ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးခရီးသည်များသည် နံနက် ၆နာရီအချိန် စတင်ဖူးမြော်ခွင့်ရသည့်အချိန်မှစတင်၍ တဖွဲဖွဲရောက်ရှိလာခဲ့ကြသည်။ နံနက် ၉နာရီကျော်မှစတင်၍ နေ့စဉ်စီစဉ်နေကျ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအပြင် နောက်ထပ်အင်အားဖြည့်တင်းကာ ယာဉ်ကြောရှင်းပေးခဲ့ရသည်အထိ ဘုရားဖူးမော်တော်ယာဉ်များ လာရောက်မှုများပြားခဲ့သည်။

ဘုရားဖူးခရီးသွားများ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း သွားလာမှုလွယ်ကူစေရန်အတွက် စီစဉ်ပေးထားသည့် ဘက်ဂီမော်တော်ယာဉ်ငယ်များမှာလည်း ရဟန်းသံဃာ၊ သီလရှင်များနှင့် သက်ကြီးဘိုးဘွားများကိုတင်ဆောင်ကာ ခေါက်တုံ့ခေါက်ပြန်မနားတမ်းပင် ပို့ဆောင်ပေးလျက်ရှိသကဲ့သို့ ခြေကျင်ဝင်ရောက်သည့် ဘုရားဖူးခရီးသည်တို့မှာလည်း လမ်းတစ်လျှောက် တိုးမပေါက်နိုင်အောင် စည်ကားလျက်ရှိသည်။

**စိတ်အေးချမ်းစွာဖူးမြော်**

နိုင်ငံတော်တွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပနေမှုကို ကမ္ဘာကိုပြသရန်၊ နိုင်ငံ၌ ထေရဝါဒဗုဒ္ဓ ဘာသာကိုးကွယ်မှု၏ဗဟိုချက်မအဖြစ် သာသနာတော်ပြန့်ပွားရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန်၊ ပြည်သူ ပြည်သားအားလုံး အေးချမ်းစွာနေထိုင် စားသောက်ပညာသင်ကြားနိုင်စေရန် ဗုဒ္ဓမြတ်စွာ၏ အေးမြသည့် မေတ္တာရိပ်အောက်တွင် အားလုံးလုံခြုံအေးချမ်းစွာ ဖြင့် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရန်၊ ဗုဒ္ဓဘာသာကိုအခြေခံပြီး ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် တည်ထားကိုးကွယ်ခဲ့သည့် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဗုဒ္ဓဘာသာဝင် အပေါင်းတို့က စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာ ပွားများခြင်းနှင့် ဘာသာရေးအသင်းအဖွဲ့ များက မိမိတို့အစီအစဉ်များဖြင့် စုပေါင်းရွတ်ဖတ်ပူဇော်နေကြခြင်းတို့ကိုလည်း တွေ့ရှိရသည်။

မန္တလေးမြို့ရှိ အတုမရှိကျောင်းတော်ကြီး၏ပုံစံတူ ပဋ္ဌာန်းဒေသနာတော်မြတ်အား ရည်စူး၍ အနုပညာလက်ရာကွဲပြားသည့် ဂန္ဓကုဋိတိုက် ၂၄ ဆောင်တို့တွင်လည်း ဘုရားဖူးခရီးသည်များက နေပူမခ အေးချမ်းလုံခြုံစွာဖြင့် ဘုရားဖူးမြော်လျက်ရှိသည်။ မြတ်စွာဘုရားရင်ပြင်တော်ပေါ်ရှိ သဒ္ဒါမိပတိခေါင်းလောင်းတော်ကြီးအား တီးခတ်၍ ကုသိုလ်အဖို့ဘာဂ အမျှဝေကြသူများ၊ ဘုရားရင်ပြင်တော်အောင်မြေပေါ်တွင် အဓိဋ္ဌာန်ဆုတောင်းဖူးမြော်ကြသူများအပြင် ရင်ပြင်တော်ပေါ်နှင့် ဗောဓိညောင်ပင်၊ လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်ပျိုများအနီး အစုအဖွဲ့အလိုက်၊ မိသားစုလိုက် အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသူများကလည်း များပြားလွန်းလှသည်ကို တွေ့ရသည်။

*စာမျက်နှာ ၁၁ သို့*



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်။















*စာမျက်နှာ ၁၀ မှ*

ထို့ပြင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် တပ်မတော်သား အင်ဂျင်နီယာများ၊ ကျွမ်းကျင်ဗိသုကာ ပညာရှင်များ၏ လက်ရာတို့ဖြင့် တည်ဆောက်ထားသည့် ပိဋကတ်သုံးပုံကို ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးထားသည့် ကျောက်စာများနှင့် ကျောက်စာရုံစေတီ ၇၂၀ တို့ကို ဘုရားဖူးများ စိတ်ပါဝင်စားစွာဖြင့် ဖူးမြော်ကြည်ညိုကြသည်ကိုလည်း မြင်တွေ့ရသည်။ ဆရာတော်၊ သံဃာတော် မထေရ်မြတ်တို့၏ ဩဝါဒဖြင့် တည်ထားကိုးကွယ်သည့် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့တွင်လည်း ရဟန်းရှင်လူ ပြည်သူများက ဘုရားဖူးရင်း အပန်းလည်းပြေစေနိုင်မည်ဖြစ်ပါသည်။

**အများပြည်သူလေ့လာကြည်ညိုနိုင်**

ထို့အတူ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ အခြံအရံကုသိုလ်တော်တစ်ခုဖြစ်သည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးကိုလည်း အများပြည်သူတို့ လေ့လာကြည်ညိုနိုင်ရန် စီစဉ်ပေးထားသည်။ ဘုရားဖူးလာရောက်ကြသူများသည် ၂၅၅ ဧက ကျယ်ဝန်းသည့် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ ရေပန်းရင်ပြင်များတွင်လည်းကောင်း၊ ရတနာပုံခေတ်လက်ရာအတိုင်း ကျွမ်းကျင်ပညာရှင်များက အဆင့်အတန်းမြင့်မားစွာ တည်ဆောက်ထားသည့် သုဓမ္မာဇရပ် ခြောက်ဆောင်တို့တွင်လည်းကောင်း စည်ကားများပြားစွာ ဘုရားဖူး အပန်းဖြေကြသည်။

"ဒီနေ့ကတော့ ပိတ်ရက်နဲ့လည်း တိုက်ဆိုင်မှုရှိတဲ့အတွက် ဘုရားဖူးလာသူတွေ အတော်များပါတယ်။ စဖွင့်တဲ့ရက်တုန်းကလည်း တစ်ခေါက်ရောက်တယ်။ စတုဒိသာကျွေးတဲ့ နေရာဆိုရင် တိုးလို့တောင်မပေါက်တော့ဘူး။ မော်တော်ယာဉ်တွေက အရင်ရက်က ကားပါကင်မှာရပ်လို့ရပေမယ့် ဒီနေ့ ကားပါကင်မရောက်ခင် အဝင်လမ်းမှာတင် ကားတွေ ပြည့်နေခဲ့တယ်။ ဘုရားဖူးတွေအတွက် လုံခြုံရေးအစီအမံတွေရော၊ စတုဒိသာကျွေးမွေးမှုရော အဆင်ပြေသလို၊ ဖူးမြော်ရတာလည်း ရင်ပြင်တော်က ကျယ်ဝန်းတဲ့အတွက် လူများပေမယ့် သက်တောင့်သက်သာရှိခဲ့ပါတယ်။ ရာသီဥတုကလည်း မိုးအုံ့ပြီး အေးချမ်းတော့ နေပြည်တော်အတွင်းက ဘုရားဖူးတွေကလည်း အစီးရေမနည်းဘူး။ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ မိတ္ထီလာနဲ့ မန္တလေးတစ်ကြောက ဘုရားဖူးကားတွေ၊ တောင်ငူ၊ ဖြူးနဲ့ မကွေး၊ တောင်တွင်းကြီးဘက်က ဘုရားဖူးကားတွေရော အတော်လေးများပါတယ်။ အခုလိုဖူးမြော်ခွင့်ရတဲ့အတွက်ရော၊ လှူဒါန်းကျွေးမွေးတဲ့အတွက်ရော အလှူရှင်တွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ဇေယျာသီရိမြို့နယ်မှ လာရောက်ဖူးမြော်ခဲ့သူ ကိုသက်လွင်က ဆိုသည်။

အလှူခံဌာနရှိရာ မဏ္ဍပ်တွင်လည်း အလှူရှင်များက ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြပြီး ဘုရားဖူး လာရောက်သည့် ပရိသတ်များထဲမှ အချို့ကလည်း မိမိတို့သဒ္ဓါတရားအရ ဘုရားရင်ပြင်တော် သန့်ရှင်းရေးကုသိုလ်များဆောင်ရွက်ခြင်း၊ ဘုရားဖူးများ စွန့်ပစ်သည့်အမှိုက်များကို စုစည်းကောက်ယူခြင်းနှင့် ဖိနပ်များကို စနစ်တကျသိမ်းဆည်းပေးခြင်းတို့ကိုလည်း ပြုလုပ်ပေးကြသည်ကို တွေ့ရသည်။

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးအား အများပြည်သူများ အခမဲ့ဖူးမြော်ခွင့်ကို ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ပေးထားပြီးဖြစ်ရာ လာရောက်ဖူးမြော်နိုင်ရန်အတွက် ဖိတ်ခေါ်ထားပြီး ညနေပိုင်းနှင့် ညပိုင်းတို့တွင်လည်း မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများအား မီးရောင်စုံများဖြင့် အလင်းပေးပူဇော်ထားသဖြင့် ကြည်ညိုသပ္ပာယ်စွာ ဖူးမြော်နိုင်သည်။ ယနေ့ရုံးပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူ ၅၀၀၀၀ ခန့် လာရောက်ဖူးမြော်ကြည်ညိုကြရာ အထူးပင်စည်ကားများပြားလျက်ရှိသည်။

**ခင်ရတနာ**

**ဓာတ်ပုံ-မေဦးမိုး၊ သတင်းစဉ်**











# ဗုဒ္ဓဘာသာဝင်တိုင်းအတွက်ရော၊ နိုင်ငံအတွက်ရော၊ ဗုဒ္ဓဘာသာကိုးကွယ်တဲ့နိုင်ငံတိုင်းအတွက်ရော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက အဖိုးမဖြတ်နိုင်တဲ့ရတနာမို့ အခွင့်သာခိုက် လာရောက်ဖူးမြော်ကြစေလို...

ဦးကြည်မောင်


အရှင်ဝိဇယ


ဦးကြည်မောင်


ဒေါ်နွယ်


မသိမ့်သိမ့်ထွေး


မလဝန်းထက်


Mr Yorgos နှင့် Ms Angeliki

**နေပြည်တော် ဩဂုတ် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း တည်ထားပူဇော်ထားသည့် ကမ္ဘာ့ညဏ်တော် အမြင့်ဆုံးထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူ အများပြည်သူတို့ အခမဲ့လာရောက်ဖူးမြော်နိုင်ရန် ဖွင့်လှစ်ထားရှိရာ ပဉ္စမမြောက်နေ့ဖြစ်သည့် ဩဂုတ် ၁၂ ရက်တွင် ဖူးမြော် သူဒြေပရိသတ်များဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်ကို မြင်တွေ့ရသည်။

အစိုးရရုံးပိတ်ရက်ဖြစ်သဖြင့် အဖွဲ့လိုက်ဘုရားဖူးအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်သူများ၏ ကြည်ညိုသဒ္ဓါအားကောင်းစွာလှူဒါန်းပူဇော်နေမှုများနှင့် ပျော်ရွှင်စွာလေ့လာကြည့်ရှုနေမှုများကို မြင်တွေ့ရသည်။ ထို့ကြောင့် လာရောက်ဖူးမြော်သူများ၏ ပီတိစကားများ၊ အနုမောဒနာသာဓုခေါ်သံများနှင့် သဘောထားအမြင်များကို စုစည်းတင်ဆက်လိုက်ရပါသည်။

**အရှင်ဝိဇယ(ပျော်ဘွယ်မြို့နယ်)**

ဦးဇင်းတို့ရွာကနေ မနက် ဖနာရီကတည်းကထွက်လာခဲ့တာပါ။ မိဘဆွေမျိုးတွေနဲ့ ဒါယကာ၊ ဒါယိကာမတွေ အားလုံးစုစည်းပြီး ကားသုံးစီးအပြည့်နဲ့ ဘုရားလာဖူးကြတာ ဖြစ်ပါတယ်။ ကမ္ဘာ့ညဏ်တော် အမြင့်ဆုံးဆင်းတုတော်ကြီးတည်ထားတယ်ဆိုတဲ့ အစဦး အချိန်ကတည်းက စိတ်ဝင်တစားနဲ့ ကြည့်ရှုခဲ့ရတာပါ။ သံဃာတော်တစ်ပါးအနေနဲ့ အခုလို နိုင်ငံတော်အဆင့် ကြီးကျယ်ခမ်းနားတဲ့ ဘုရားတည်မှုကို ဝမ်းမြောက်မိသလို၊ နိုင်ငံအတွက်လည်း ဂုဏ်ယူပါတယ်။ အဆင့်ဆင့် သယ်ယူတည်ဆောက်နေတာတွေပြီးလို့ ဘုရားကြီးအနေကဇာတင် အခမ်းအနားကိုလည်း ရုပ်မြင်သံကြားကနေတစ်ဆင့် ကြည့်ရှုဖူးမြော်ခဲ့ပါတယ်။ အားလုံးဖူးမြော်ခွင့်ရပြီဆိုတာနဲ့ ရွာကအလှူရှင်တွေကို စုစည်းပြီး အားလုံးတပျော်တပါးနဲ့ ဘုရားလာဖူးကြတာဖြစ်ပါတယ်။ ဦးဇင်းအနေနဲ့ အခုလို ဖူးမြော်ခွင့်ရလို့လည်း ကျေနပ်ပီတိဖြစ်ရသလို အလှူရှင်အပေါင်းကိုလည်း သာဓုအကြိမ်ကြိမ် ခေါ်ဆိုပေးပါတယ်။ သာသနာအတွက် သမိုင်းသစ်စိုက်ထူလိုက်နိုင်တဲ့အတွက် ဘုရားသားတော်တစ်ပါးအနေနဲ့ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

**ဦးကြည်မောင် (ပျဉ်းမနားမြို့နယ်)**

ကျွန်တော်တို့မိသားစု ၁ဝ ဦးပေါ့၊ ဘုရားလာဖူးကြတာပါ။ အသက်အရွယ်ရလာလို့ အပြင်သိပ်မသွားဖြစ်တော့ပေမယ့် ဘုရားကြီးကိုဖူးမြော်ချင်လွန်းလို့ အရောက်လာခဲ့တာပါ။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ ကျေနပ်ပီတိဖြစ်ရပါတယ်။ စေတီ၊ ဘုရား တည်ထားကိုးကွယ်ကြပေမယ့် အလုံးစုံပြီးပြည့်စုံတယ်လို့ခေါ်ရမယ့် တည်ထားမှုဖြစ်တဲ့ ဆင်းတုတော်ကြီးရဲ့ အခြံအရံတွေအဖြစ် ဗိမာန်တော်တွေ၊ ဗုဒ္ဓဥယျာဉ်တွေ၊ သုခမ္မာဇရပ်တွေ၊ ဓမ္မစေတီတွေဖြစ်တဲ့ ကျောက်စာရုံစေတီ ၇ဝဝကျော်တွေက ဒီနေ့ခေတ်မှာ တည်ထားဖို့ဆိုတာ ဘဘတော့ မထင်မှတ်ခဲ့ပါဘူး။ ရှေးဘုရင်တွေလက်ထက်က အဲဒီလိုလှူဒါန်းမှုတွေ ကြားဖူးခဲ့ပြီး ယနေ့ခေတ်မှာတော့ ဘဘတို့ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရတဲ့အတွက် အလှူရှင်တွေကို ကျေးဇူးတင်မိပါတယ်။ ဒါတင်မကသေးဘူး၊ ဘုရားရင်ပြင်တော်ပေါ်မှာ ခြေချတာနဲ့ စကျင်ကျောက်သားစစ်စစ်ရဲ့ အစွမ်းကြောင့် အေးအေးချမ်းချမ်း ဖူးမြော်ခွင့်ရခဲ့တယ်။ ဘဘတို့ ဗုဒ္ဓဘာသာဝင်တိုင်းအတွက်ရော၊ နိုင်ငံအတွက်ရော၊ ဗုဒ္ဓဘာသာကိုးကွယ်တဲ့နိုင်ငံတိုင်းအတွက်ရော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက အဖိုးမဖြတ်နိုင်တဲ့ ရတနာမို့ အခွင့်သာခိုက် လာရောက်ဖူးမြော်ကြစေလိုပါတယ်ခင်ဗျာ။

**ဒေါ်နွယ် (ညောင်ပင်သာကျေးရွာ၊ တပ်ကုန်းမြို့နယ်)**

ရွာမှာ စုပေါင်းဘုရားဖူးကြဖို့ တိုင်ပင်ကြပြီး အခုလိုလာရောက်ခဲ့တာပါ။ ဘုရားကြီးကို ဖူးမြော်ခွင့်ရတာ အတိုင်းမသိ ဝမ်းသာမိတယ်။ ဗုဒ္ဓရဲ့အဆုံးအမတွေကို ဖူးမြော်ရသလို ကုသိုလ်တော်ဘုရားကို ရောက်သွားသလိုလည်း ခံစားရတယ်။ အဘွားတို့လို သက်ကြီးပိုင်းတွေ သွားလာဖို့ အဆင်ပြေအောင် စီစဉ်ပေးထားတယ်။ ကားစီးလို့လည်းရပေမယ့် နေရာစုံအောင် ဒီလိုပဲ ဖြည်းဖြည်းသွားဖူးချင်လို့ လမ်းလျှောက်တာ။ အဘွားတို့ရွာက အဘိုး၊ အဘွားတွေ အများကြီးပါလာတယ်။ ကမ္ဘာ့ညဏ်တော် အမြင့်ဆုံး စကျင်ကျောက်ဆင်တုတော်ဆိုတော့ အဖိုးမဖြတ်နိုင်ဘူးလေ၊ မသေခင်ဖူးခွင့်ရချင် ခဲ့တာ၊ အခုတော့ ဆုတောင်းပြည့်ခဲ့ပါပြီ။ ကုသိုလ်ပြုသူတွေအားလုံး ကျန်းမာချမ်းသာကြဖို့နဲ့ နိုင်ငံတစ်ခုလုံး အေးချမ်းသာယာဖို့ အဓိက ဆုတောင်းခဲ့ပါတယ်။

**မသိမ့်သိမ့်ထွေး (ဒုတိယနှစ်-စိတ်ပညာ)**
**ဆိပ်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး**

မိဘတွေနဲ့အတူတူလာခဲ့တာပါ။ မနက် ၄နာရီကတည်းက စထွက်လာခဲ့တာ။ ဘုရားကြီးနဲ့ပတ်သက်ပြီး သတင်းတွေမှာတော့ တွေ့ပါတယ်။ တိတိကျကျကတော့ ဒီကို ရောက်လာမှပဲ သိတာ။ ကျောက်စာရုံတွေဆီကိုလည်း သွားမဖူးရသေးဘူး။ ဘုရားကြီးပေါ်မှာပဲ ငါးပါးသီလဆောက်တည်ပြီး ဂန္ဓကုဋိတိုက်တွေထဲကနေ ဘုရားရှိခိုးခဲ့ပါတယ်။ ဘုရားဖူးရတာ စိတ်ကျေနပ်မှုရှိပြီး အားလုံးကိုလည်း လာရောက်ဖူးမြော်စေချင်ပါတယ်ရှင့်။

**မလဝန်းထက် (Grade-8)**
**ကြောင်ရေမူလတန်းလွန်ကျောင်း၊လယ်ဝေးမြို့နယ်**

ကျောင်းက ဆရာမကြီးရဲ့ အုပ်ထိန်းမှုနဲ့အတူ သူငယ်ချင်းတွေနဲ့ ဖူးမြော်ခွင့်ရလို့ ဝမ်းသာမိပါတယ်။ ဗုဒ္ဓဥယျာဉ်တော်ကြီးထဲက နဂါးရုံဘုရားနဲ့ ပတ်လည်ကရှုခင်းတွေကို တော်တော်သဘောကျတယ်။ ကျောက်စာရုံတွေမှာလည်း သူငယ်ချင်းတွေနဲ့အတူ လေ့လာခဲ့တယ်။ ပထမဆုံးအကြိမ်လာရောက်တာဖြစ်ပြီး နောက်လည်း ခဏခဏ ဖူးမြော်ခွင့်ရပါစေလို့ ဆုတောင်းထားပါတယ်။ ဘုရားကြီးကို ထုလုပ်ဖို့စကတည်းက သတင်းတွေထဲမှာ တွေ့ခဲ့ပါတယ်။ ပင့်ဆောင်လာတုန်းကလည်း အွန်လိုင်းမှာ တွေ့တယ်။ အဲဒီကတည်းက ဖူးချင်နေခဲ့တာပါ။ သမီးတို့လိုပဲ အခြားကျောင်းတွေကလည်း အခုလို စီစဉ်ပေးရင် ကောင်းမယ်ရှင့်။ ကုသိုလ်လည်းရတယ်၊ ဗဟုသုတတွေလည်းရသလို အပန်းလည်းပြေတာမို့ အားလုံးလာရောက်ဖူးမြော်ကြစေချင်တယ်။

**Mr Yorgos နှင့် Ms Angeliki (ဂရိနိုင်ငံသား)**

ဘုရားဖူးတွေသိပ်များလို့ အံ့သြမိတယ်။ မြန်မာလူမျိုးတွေရဲ့ ဘာသာရေးအပေါ်ထားတဲ့ ကြည်ညိုမှုကိုလည်း လေးစားပါတယ်။ အမှန်က လူတွေများလွန်းတဲ့အတွက် ဘုရားပွဲကျင်းပနေတယ်လို့ ထင်မိခဲ့တာ။ မြန်မာနိုင်ငံမှာ စေတီ၊ ဘုရားတွေ သိပ်ကိုပေါများတယ်။ ဒါပေမယ့် ဒီဘုရားဆင်းတုတော်ကတော့ ထူးခြားတယ်။ စကျင်ကျောက်သားနဲ့ ထွင်းထုထားတာဖြစ်လို့ပါ။ ဘုရားကိုလာတဲ့အားလုံး ပျော်ရွှင်ကြည်နူးနေကြတဲ့ မျက်နှာတွေကိုမြင်ရတာ ကျွန်တော်တို့လည်း ကူးစက်ပြီး ပျော်ရွှင်ရပါတယ်။ ကျွန်တော်တို့က ဂရိနိုင်ငံကလာရောက်တာဖြစ်ပြီး မြန်မာနိုင်ငံရဲ့ အခြားသောနေရာအနှံ့အပြားကိုလည်း လည်ပတ်ဖို့ ဆန္ဒရှိပါတယ်။ ထူးခြားတာက ဘုန်းတော်ကြီးကျောင်းလား၊ ဗိမာန်လား (သာသနာ့ဗိမာန်တော်ကြီး) ကို သဘောကျတယ်။ ခမ်းနားတယ်၊ လှပတယ်၊ ဗိသုကာအဆင့်မြင့်တယ်။ ကျောက်စာတွေကိုတော့ ဘုရားပေါ်က အပြန်မှာဝင်ကြည့်မှာပါ။ မမြင်ရသေးတော့ မှတ်ချက်မပေးတတ်သေးဘူး။ မြန်မာနိုင်ငံက အရေးကိစ္စတွေအများကြီးရှိပေမယ့် အခုလို ဘာသာတရားကိုင်းရှိုင်းပြီး အေးချမ်းမှုတွေလည်း ရှိတယ်ဆိုတာ မာရဝိဇယဘုရားကိုအရောက်လာရင်း သိလာခဲ့တယ်။

**တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ သန်းသန်းလှိုင်**
**ဓာတ်ပုံ - မေဦးမိုး**



ရန်ကုန်မြို့ ကမာရွတ်မြို့နယ် စီးပွားရေးတက္ကသိုလ် ငွေစုငွေချေးသမဝါယမအသင်းနှင့် သမဝါယမအသင်းလီမိတက်တို့၏ ၂၀၂၂ - ၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၁၁ ရက်က ရွာသာကြီးစီးပွားရေးတက္ကသိုလ်၌ပြုလုပ်ရာ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်တင်နှင်းရည်က အသင်း၏အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားစဉ်။ အာကာလင်း

## ဒုတိယအကြိမ်မြောက် ကျပန်းစကားပြောပြိုင်ပွဲ သန်လျင်၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၂**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် TTEC ကိုယ်ပိုင်အထက်တန်းကျောင်းတို့ပူးပေါင်းကျင်းပသော ကျပန်းစကားပြောပြိုင်ပွဲကို ယမန်နေ့က အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုက ပြိုင်ပွဲကျင်းပရခြင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးရင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဆက်လက်ကျင်းပရာ ဆုရရှိသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ကျောင်းတည်ထောင်သူ ဦးညီပေါက်၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။



သန်းဝင်း(သန်လျင်)

# ဟာဝိုင်ယီတောမီးလောင်မှုမှ သေဆုံးသူ အရေအတွက် ၈၀ အထိ မြင့်တက်လာ

**ဟာဝိုင်ယီ ဩဂုတ် ၁၂**

ဟာဝိုင်ယီပြည်နယ် မော်ဝီကျွန်း၌ တောမီးလောင်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ၈၀ အထိ မြင့်တက်လာကြောင်း သိရသည်။ အင်္ဂါနေ့ က ဖြစ်ပွားခဲ့သော တောမီးများထဲမှတစ်ခုသည် ဟာရီကိန်း လေပြင်းတိုက်ခတ်မှုများကြောင့် လာဟိုင်းနားဒေသတစ်ဝန်းကို လျင်မြန်စွာကူးစက်ပျံ့နှံ့သွားခဲ့သည်။

**အကြီးဆုံး သဘာဝဘေးတစ်ခုဖြစ်နိုင်**

ကြာသပတေးနေ့အထိ လူပေါင်း ၁၄၀၀ ကျော်မှာ အထက်တန်းကျောင်းနှင့် ဘုရားကျောင်းများအတွင်း၌ ဝင်ရောက်ခိုလှုံနေကြရသည်ဟု ဆိုသည်။ ဟာဝိုင်ယီပြည်နယ် အုပ်ချုပ်ရေးမှူး ဂျို့ရှ်ဂရင်းက ဘေးဒဏ်သင့်ဒေသများမှ ၎င်းရိုက်ကူးထားသော ဓာတ်ပုံများကို လူမှုကွန်ရက်ပေါ်တွင် တင်ခဲ့ပြီး ယနေ့မြင်တွေ့ခဲ့ရသော အဖြစ်အပျက်များသည် ဟာဝိုင်ယီပြည်နယ်သမိုင်းတစ်လျှောက် အကြီးမားဆုံး သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်နိုင်ကြောင်း ရေးသားထားသည်။

**သတိပေးမှု လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိ**

တောမီးများ စတင်လောင်ချိန်တွင် ဒေသခံများအား ဥဩသံများဖြင့် သတိပေးမှု လုပ်ဆောင်နိုင်ခဲ့ခြင်း မရှိကြောင်း ဟာဝိုင်ယီပြည်နယ် အာဏာပိုင်များက အင်န်အိတ်ချ်ကေသို့ ပြောသည်။ နောက်ထပ်အသေးစိတ် အချက်အလက်များ မသိရသော်လည်း ထိုကဲ့သို့ သတိပေးမှု လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိမှုက ကြီးမားသည့်ပျက်စီးမှုနှင့် အသက်ဆုံးရှုံးမှုများ၏ တစ်စိတ်တစ်ပိုင်းဖြစ်နိုင်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ



# သီရိလင်္ကာနိုင်ငံက ပထမဆုံး အားကစားတက္ကသိုလ်ဖွင့်လှစ်နိုင်ရန် စီစဉ်

**ကိုလံဘို ဩဂုတ် ၁၂**

သီရိလင်္ကာနိုင်ငံသည် ၎င်း၏ ပထမဆုံးအားကစားတက္ကသိုလ် တည်ဆောက်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းများကို အရှိန်မြှင့် လုပ်ဆောင်နေကြောင်း သမ္မတရုံး သတင်းဌာန (ပီအက်စ်ဒီ) ၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ကြောင့် ဘွဲ့မရသေးသော တက္ကသိုလ် ကျောင်းသားများ အနေဖြင့် အားကစားနယ်ပယ်တွင် ကျွမ်းကျင်မှုရှိမည်ဆိုပါက ဘွဲ့ဒီဂရီရရှိရန် အဆိုပါတက္ကသိုလ်က ပံ့ပိုးပေးနိုင်တော့မည်ဖြစ်ကြောင်း အားကစားနှင့် လူငယ်ရေးရာ ပြည်နယ်ဝန်ကြီး ရိုဟာနာ ဒစ်ဆာနာယာကာ ကို ကိုးကားပြီး ပီအက်စ်ဒီက ပြောသည်။



ကိုလံဘိုမြို့ ဆင်ခြေဖုံးရှိ အားကစား အဆောက်အအုံကို အားကစားတက္ကသိုလ် ဆောက်လုပ်ရာတွင် တိုးချဲ့သွားမည်ဖြစ်ကြောင်း အဆိုပါဌာနက ပြောသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းရှိ လူငယ်လူရွယ်များ၏ အားကစားဆိုင်ရာ စွမ်းဆောင်ရည်များကို မြေတောင်မြှောက်ပေးရန် အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ဆင်ဟွာ

# တူနီးရှားနိုင်ငံ၌ ကိုယ်တွင်းအင်္ဂါများကုန်ကူးသည့်ဂိုဏ်းကို ဖြိုခွင်း

**တူးနစ် ဩဂုတ် ၁၂**

တူနီးရှား အာဏာပိုင်များသည် နိုင်ငံအနောက်ပိုင်း ကက်စီရင်းပြည်နယ်ရှိ နိုင်ငံတကာ ကိုယ်တွင်းအင်္ဂါများ ကုန်ကူးသည့်ဂိုဏ်းကို ဖြိုခွင်းခဲ့သည်ဟု ပုဂ္ဂလိက ရေဒီယိုဖြစ်သည့် မိုဇာကီအက်ဖ်အမ်တွင် ဩဂုတ် ၁၁ ရက် ဖော်ပြခဲ့သည်။

လူ၏ ကိုယ်တွင်းအင်္ဂါများ ရောင်းဝယ်ဖောက်ကားမှုအတွက် ငါးဦးကို ဖမ်းဆီးခဲ့သည်ဟု ကက်စီရင်းပြည်နယ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ တူကီယဲနှင့် ဆီးရီးယားနိုင်ငံသားခံယူထားသည့် လူတစ်ဦးက အဆိုပါ လူ့ကိုယ်တွင်း အင်္ဂါကုန်ကူးသည့်ဂိုဏ်းကိုဦးဆောင်ပြီး နိုင်ငံရပ်ခြားအထူးသဖြင့်တူကီယဲသို့သွားရောက်ကာ ကိုယ်တွင်းအင်္ဂါ ရောင်းချလိုသူများကို ကြားမှဆက်သွယ်ဆောင်ရွက်ပေးသည်ဟု ၎င်းကို စွပ်စွဲထားသည်။ ဆင်ဟွာ

# အိန္ဒိယနိုင်ငံ ဥတ္တရာခန်းပြည်နယ်၌ မြေပြိုကျမှု အပိုင်းအစများက မော်တော်ကားကိုထိမှန်ရာ ငါးဦးသေဆုံး

**နယူးဒေလီ ဩဂုတ် ၁၂**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ပြည်နယ်ဖြစ်သည့် ဥတ္တရာခန်း ပြည်နယ်၌ မြေပြိုကျမှု အပိုင်းအစများသည် မော်တော်ကားကို ထိမှန်ရာ ကားအတွင်းမှ လူငါးဦး သေဆုံးခဲ့ရသည်ဟု ဩဂုတ် ၁၂ ရက်တွင် ရဲများက ပြောသည်။



ဒီဟာဒွန် အရှေ့ပိုင်း ၂၃၀ ကီလိုမီတာအကွာ ရုဒရာ ပရာဂါ ခရိုင်အတွင်း ပဟာထာအနီး အပိုင်းအစများက ကားကို ထိမှန်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများမှာ ကဒါနက်ဘုရားကျောင်းသို့ ခရီးသွားနေသည့် ဘုရားဖူးများဖြစ်ကြောင်း ရဲများက ပြောသည်။ အဆိုပါကားမှာ ဩဂုတ် ၁၀ ရက် ညပိုင်းကတည်းက မြေပြိုကျမှုအပိုင်းအစများ ထိမှန်ခြင်းဖြစ်နိုင်ကြောင်း ရဲများက ပြောသည်။ မတော်တဆမှုဖြစ်ပွားသည်ဟု ကြားလျှင်ကြားချင်း ပြည်နယ်သဘာဝဘေး တုံ့ပြန်ရေးအဖွဲ့သားများက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

သို့သော်လည်း အဆိုပါ ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရသည်။ သေဆုံးသူများထဲမှ သုံးဦးမှာ အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရက်ပြည်နယ်မှ ဖြစ်သည်။

ယခုလ အစောပိုင်းကလည်း ဂေါ်ရီခွန်းတွင် မြေပြိုမှု အကြီးအကျယ်ဖြစ်ပွားခဲ့ပြီး လူ ၁၆ ဦး ပျောက်ဆုံးခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

ဆင်ဟွာ

# အီရတ်နိုင်ငံ၌ အပူချိန် ၅၀ ဒီဂရီ စင်တီဂရိတ်ထက် ကျော်လွန်

**ဘဂ္ဂဒက် ဩဂုတ် ၁၂**

အီရတ်နိုင်ငံ၌ အပူလှိုင်း ကျရောက်လျက်ရှိပြီး ဩဂုတ် ၁၂ ရက်တွင် အပူချိန် ၅၀ ဒီဂရီစင်တီဂရိတ်ကျော်ရှိကြောင်း အီရတ်မိုးလေဝသအဖွဲ့နှင့် ငလျင်ဗေဒက ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။

ဘဂ္ဂဒက်၊ နာဂျဖ်၊ ကာဒီစီယာ၊ ဒီကာနှင့် မူသနာပြည်နယ်တို့တွင် အမြင့်ဆုံးအပူချိန်မှာ ၅၁ ဒီဂရီစင်တီဂရိတ်အထိမှတ်တမ်းတင်ထားကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဒူဟော့ပြည်နယ်သည် ၄၄ ဒီဂရီစင်တီဂရိတ်ရှိပြီး အီရတ်နိုင်ငံမြောက်ပိုင်း၌ အနိမ့်ဆုံးအပူချိန်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ အီရတ်နိုင်ငံ၌ စံချိန်တင်အမြင့်ဆုံးအပူချိန်မှာ ၂၀၁၆ ခုနှစ် ဇူလိုင်လက တောင်ပိုင်း ဘတ်စ်ရာပြည်နယ်တွင် ၅၃ ဒီဂရီစင်တီဂရိတ်ရှိကြောင်း အီရတ်နိုင်ငံ၏အစိုးရမဟုတ်သော ပတ်ဝန်းကျင်နှင့်ရာသီဥတု စောင့်ကြည့်လေ့လာရေးတစ်ခုဖြစ်သည့် ဂရင်းအီရတ်က ထုတ်ပြန်ထားသည်။ ဆင်ဟွာ

# ဆူဒန်ဒုက္ခသည်များကို ကူညီရန် ယူအေအီးမှ ချဒ်နိုင်ငံသို့ အစားအသောက် တန်ချိန် ၁၃ တန် ပို့ဆောင်

**ဒူဘိုင်း ဩဂုတ် ၁၂**

ဆူဒန်နိုင်ငံမှ ဒုက္ခသည်များနှင့် ပြည်တွင်းအသိုင်းအဝိုင်းများကို ကူညီရန်အတွက် ချဒ်သမ္မတနိုင်ငံသို့ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံမှ အစားအသောက်တန်ချိန် ၁၃ တန် ပို့ဆောင်ခဲ့သည်ဟု ဒဗလျူအေအမ် သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

ယခုကဲ့သို့ အစားအသောက်များပေးပို့မှုမှာ ယူအေအီးနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းမှု၏ လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီး အကူအညီလိုအပ်နေသည့် လူများကို ကူညီရန်ဖြစ်သည်ဟု ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ဝန်ကြီးဌာနက လက်ထောက်ဝန်ကြီးဖြစ်သူ ဆူတန်အယ်ရှမ်မစ်က ပြောသည်။

ပြီးခဲ့သည့်လများကလည်း ချဒ်နိုင်ငံမြောက်ပိုင်း အမ်ဂျာရက်စ်ရှိ ဆေးရုံသို့ ဆေးဘက်ဆိုင်ရာအကူအညီများနှင့် အစားအသောက်များ ပေးပို့ခဲ့သည်ဟု ၎င်းကဆက်ပြောသည်။ အဆိုပါဆေးရုံမှာ ချဒ်နိုင်ငံသို့ အလုံးအရင်းဝင်ရောက်လာသည့် ဆူဒန်ဒုက္ခသည်များကို ကူညီရန် ဖွင့်လှစ်ထားသည့် ဆေးရုံဖြစ်သည်။ ဆေးရုံစတင်ဖွင့်လှစ်သည့်အချိန်မှစတင်ကာ လူနာပေါင်း ၃၅၀၉ ဦးကို ကုသပေးပြီးဖြစ်သည်။ ဆင်ဟွာ



# CNF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဖလမ်းမြို့ရှိ နယ်မြေခံတပ်ဌာနချုပ်သို့ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက် အရာရှိ၊ စစ်သည်များ၏ စနစ်တကျခုခံတိုက်ခိုက်မှုကြောင့် ထိခိုက်အကျအဆုံးများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေး

**နေပြည်တော် ဩဂုတ် ၁၂**

ချင်းပြည်နယ် ဖလမ်းမြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်အား CNF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက် ၂ နာရီခွဲမှစ၍ လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြုကာ နေရာလေးနေရာခွဲ၍ အလစ်အငိုက်ချဉ်းကပ် ဝင်ရောက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

CNF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဖလမ်းမြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်အား အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့သော်လည်း တပ်ရင်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများအနေဖြင့် တပ်ရင်းလုံခြုံရေးအတွက် အသင့်စုဖွဲ့ထားရှိပြီး လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိမှုနှင့် ချက်ချင်းတုံ့ပြန်ပစ်ခတ်နိုင်မှုကြောင့် အကြမ်းဖက်အဖွဲ့များသည် တပ်ရင်းဌာနချုပ်အား သိမ်းပိုက်နိုင်ခြင်းမရှိဘဲ နံနက် ၃ နာရီခန့်တွင် အကျအဆုံးများစွာဖြင့် တပ်ရင်းဌာနချုပ်၏ အနောက်တောင်ဘက်သို့ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ အဆိုပါ တပ်ရင်းဌာနချုပ်နေရာသို့ စစ်ကူစစ်ကြောင်းများကလည်း အချိန်မီရောက်ရှိလာပြီး ရန်သူဆုတ်ခွာရာနောက်သို့ လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်အဖွဲ့များထံမှ အလောင်းများနှင့် လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ။











ဖလမ်းမြို့ရှိ နယ်မြေခံတပ်ဌာနချုပ်သို့ လာရောက်တိုက်ခိုက်သည့် အကြမ်းဖက်သမားများ သေဆုံးနေသည့် အလောင်းများ မှတ်တမ်းဓာတ်ပုံ။

## PDF အမည်ခံအကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ် ယမနေကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များနှင့် Drop Bomb များဖြင့် အကြောင်းမဲ့တိုက်ခိုက်

နေပြည်တော် ဩဂုတ် ၁၂

**စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ယမနေကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက ဆင်ခြင်တုံတရား ကင်းမဲ့စွာလက်လုပ်စိန်ပြောင်းများ၊ လက်နက်ငယ်များနှင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drone များဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းတို့ကြောင့် ကလေးငယ် နှစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူခြောက်ဦး သေဆုံးပြီး သုံးဦးဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။**

ဖြစ်စဉ်မှာ ကန့်ဘလူမြို့နယ် ယမနေကျေးရွာအနီး လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ကျေးရွာ၏အရှေ့မြောက်ဘက်မှနေ၍ လက်လုပ်စိန်ပြောင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drone များဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းတို့ လုပ်ဆောင်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်သမားများထံမှ အလောင်းနှင့် ခဲယမ်း၊ ဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက် သမားများ၏ ဆင်ခြင်တုံတရား ကင်းမဲ့စွာ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့ပြီး ကျေးရွာအတွင်းရှိ အသက် ငါးနှစ်နှင့် ၁၀ နှစ်အရွယ် ကလေးငယ်နှစ်ဦး အပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦး သေဆုံးခဲ့ပြီး သုံးဦးဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကာ ကျေးရွာအတွင်းရှိ အခြေခံပညာမူလတန်း (လွန်) ကျောင်းအတွင်းရှိ စာသင်ဆောင် အဆောက်အအုံ နှစ်လုံးမှာ လက်နက်ကြီးထိမှန် ပျက်စီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ဆက်လက် ဆေးဝါး ကုသနိုင်ရေးအတွက် ကန့်ဘလူမြို့ ပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်မှ အပြစ်မဲ့ပြည်သူများအား သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရရှိသည်အထိ လုပ်ဆောင်ခဲ့သော အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PDF အမည်ခံအကြမ်းဖက်သမားများက ယမနေကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များနှင့် Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာပြပုံ






## တောင်တွင်းကြီးမြို့နယ်၌ ကျေးလက်လမ်း၊ တံတားဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း၊ တံတားလုပ်ငန်းများကို မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆလိုင်းနေအောင်ဆန်းနှင့် တာဝန်ရှိသူများက ဩဂုတ် ၁၁ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။ **(ဝဲပုံ)**

၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး ငွေလုံးရန်ပုံငွေ ၄၀၁ ဒသမ ၈၀၆ သန်းဖြင့် တံတားလေးစင်းနှင့် ဂဝံမြေနီလမ်း (၁/၃ ဒသမ ၄၅)မိုင်၊ ပြည်ထောင်စုငွေလုံးရန်ပုံငွေ ၅၅၃ ဒသမ ၇၆ သန်းဖြင့် တံတားနှစ်စင်း၊ ရေကျော်လေးခုနှင့် ဂဝံမြေနီလမ်း (၃ /၂ ဒသမ ၅) မိုင် တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။ **အောင်ကို (ပြန်/ဆက်)**

# မြန်မာသတင်းစာသက်တမ်း ၁၈၇ နှစ်ပြည့်ခရီးနှင့် ၁၀၉ နှစ်ပြည့် သမိုင်းဝင် မြန်မာ့အလင်း (အပိုင်း- ၂)

သီဟစည်သူ

*(ယမန်နေ့မှအဆက်)*

## မြန်မာ့အလင်းသတင်းစာသစ် ပြန်လည်ထုတ်ဝေခြင်း

ထို့နောက် ဦးကိုကိုကြီးက ရန်ကုန်မြို့ ပန်းဆိုးတန်း၌မြန်မာ့အလင်းစာပုံနှိပ်တိုက်ဖွင့်ပြီးလျှင် ၁၉၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် မြန်မာ့အလင်းသတင်းစာသစ် (The New Light of Burma) အမည်ဖြင့် တစ်ပတ်လျှင် သုံးကြိမ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များ၌ ထုတ်ဝေခဲ့သည်။ အယ်ဒီတာချုပ်မှာ ဦးစိန်း၊ တာဝန်ခံအယ်ဒီတာမှာ ဆရာသင် ဖြစ်၍ ဦးကိုကိုကြီး(နောင်တွင် အမရပူရ ရက်ကန်းကျောင်းအုပ်ကြီး)က တိုက်ပိုင်အဖြစ် ဆောင်ရွက်သည်။ ၁၉၁၉ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာသစ်ကို နေ့စဉ်သတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေခဲ့သည်။ ၁၉၁၉ ခုနှစ် စက်တင်ဘာ ၁၁ ရက် ည ၁၀ နာရီတွင် အယ်ဒီတာ ဆရာသင်သည် လူဆိုးကြီး မောင်မိုး၏ လက်ချက်ဖြင့် အနိစ္စရောက်ခဲ့သဖြင့် ဦးစိန်းသည် မြန်မာ့အလင်း သတင်းစာတိုက်အုပ်အဖြစ် ဆောင်ရွက်ရသည့်အပြင် အယ်ဒီတာ တာဝန်ကိုလည်း ဆောင်ရွက်ခဲ့ရသည်။

ဆရာသင်သေဆုံးပြီးနောက် နှစ်နှစ်ခန့်အကြာ ၁၉၂၁ ခုနှစ် ကုန်ခါနီးတွင် မြန်မာ့အလင်း သတင်းစာတိုက်ပိုင်ရှင် ဦးကိုကိုကြီးထံမှ ဦးမောင်မောင်ကြီး ဆိုသူက ငွေကျပ် ၂၀၀၀၀ ဖြင့် ဝယ်ယူပြီး စာပုံနှိပ်စက်နှင့် စာလုံးများနှင့်ဆိုင်သော ပစ္စည်းများအား ထပ်မံဝယ်ယူဖြည့်ဆည်းခဲ့သည်။ ထိုစဉ်က မြန်မာ့အလင်းသတင်းစာ၏ နေ့စဉ်စောင်ရေမှာ ၂၀၀၀၀ ကျော်အထိ ရှိခဲ့သည်။ သတင်းထောက်များကို ငွေပေး၍စတင်ခန့်အပ်ခဲ့ပြီး နိုင်ငံခြားသတင်းထောက်များကိုလည်း ခန့်ထားနိုင်ခဲ့ကာ အယ်ဒီတာအဖွဲ့ဝင် ၃၀ နီးပါးနှင့် ကာယဉာဏလုပ်သား ၃၀၀ အထိရှိခဲ့သည်။ နေ့စဉ်သတင်းစာ စာမျက်နှာ ၆၀ အထိဖြစ်ခဲ့ပြီး မြန်မာ့အလင်းမဂ္ဂဇင်းကိုလည်း ပူးတွဲထုတ်ဝေခဲ့သည်။

## နေ့စဉ်သတင်းစာနှင့် ဂျာနယ်ထုတ်ဝေခြင်း

၁၉၂၁ ခုနှစ် မတ် ၁ ရက် အင်္ဂါနေ့တွင် တစ်ပတ်လျှင် သုံးကြိမ် ထုတ်ဝေသည့် မြန်မာ့အလင်း သတင်းစာအပြင် နေ့စဉ်သတင်းစာကိုလည်း ထပ်မံထုတ်ဝေခဲ့သည်။ ထိုအတွင်း မြန်မာ့အလင်းဂျာနယ်ဟူ၍ တစ်ပတ်လျှင်တစ်ကြိမ် ထပ်မံထုတ်ဝေရာ နေ့စဉ်သတင်းစာအလုပ်များနှင့် ရှုပ်ထွေးများပြားသဖြင့် ခြောက်လခန့် ထုတ်ဝေပြီး ရပ်ဆိုင်းထားခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၈၈ ခုနှစ်တွင်ရန်ကုန်မြို့ ဗုဒ္ဓသာသနာပြု အသင်းပိုင်စာပုံနှိပ်တိုက်၏ စက်များနှင့်တကွ ပစ္စည်းအစုံတို့ကို မြန်မာ့အလင်းအတွက် ဦးမောင်မောင်ကြီးက ထပ်မံဝယ်ယူပြီး အလုပ်ကို တိုးချဲ့ခဲ့သည်။

## ညနေသတင်းစာထုတ်ဝေခြင်း

မြန်မာသက္ကရာဇ် ၁၂၉၁၊ ၉၂၊ ၉၃ ခုနှစ်၊ ခရစ်နှစ် ၁၉၂၉၊ ၃၀၊ ၃၁ ခုနှစ်များတွင် နေ့စဉ် နံနက်တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း ရက်ခြားနှင့် နေ့စဉ်သတင်းစာများအပြင် ရုတ်တရက်ဖြစ်ပေါ်လာသည့် သတင်းများကို ခဏတ်ပုံနှင့်တကွ ညနေပိုင်းတွင် မြန်မာ့အလင်း အထူးသတင်းစာဟူ၍ ရံဖန်ရံခါ ထုတ်ဝေခဲ့သေးသည်။

၁၉၃၀ ပြည့်နှစ် ဩဂုတ် ၁၄ ရက်တွင် မြန်မာ့အလင်း သတင်းစာတိုက်ကို ပန်းဆိုးတန်းလမ်းရှိ တိုက်ဟောင်းမှ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ဦးမောင်မောင်အုန်းခိုင်ပိုင် တိုက်ကြီးသို့ ရွှေ့ပြောင်းခဲ့သည်။ ယင်းတိုက်တွင် လုပ်ငန်းတိုးချဲ့ လုပ်ကိုင်လာရာ မြန်မာ့အလင်း ရွှေခေတ်ဟု ခေါ်ဆိုနိုင်သည်အထိ စောင်ရေ တစ်နေ့တခြား တိုးတက်ခဲ့သည်။

## အများပိုင်ကုမ္ပဏီဖွဲ့စည်း

၁၉၃၃ ခုနှစ်တွင် ဦးမောင်မောင်ကြီး ကွယ်လွန်သည့်နောက် ဇနီး ဒေါ်ဒေါ်စု ဆက်လက်လုပ်ကိုင်ပြီး ၁၉၃၈ ရောက်သော် အများပိုင်ကုမ္ပဏီလီမိတက်အဖြစ် ဖွဲ့စည်းခဲ့သည်။

မြန်မာ့အလင်းအများပိုင် လီမိတက်တွင် ကြီးကြပ်အုပ်ချုပ်သူ မန်နေဂျင်းဒါရိုက်တာမှာ ဦးမောင်ကြီး (ကြို့ပင်ကောက်) ဖြစ်သည်။ ဦးမောင်ကြီးသည် ဒေါ်ဒေါ်စု၏ တူမအရင်းဖြစ်သူ ဒေါ်ခင်လေး၏ ခင်ပွန်းဖြစ်သည်။ တိုက်အုပ်မှာ ဦးတင်ကပင် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးမောင်ကြီး ကွယ်လွန်ပြီးသည့်နောက်တွင် မြန်မာ့အလင်းသတင်းစာတိုက် မန်နေဂျင်းဒါရိုက်တာအဖြစ် ဦးမောင်ကြီး၏ညီ ဦးဘအေးက ဆက်လက်လုပ်ကိုင်ခဲ့သည်။ ၁၉၃၈ ခုနှစ် နောက်ပိုင်းတွင် မြန်မာ့အလင်း အယ်ဒီတာချုပ်အဖြစ် ဦးသန်းတင့်(ဓူဝံ)က တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ် စက်တင်ဘာ ၁ ရက်အရောက်တွင် နောက်ဆုံးပိုင်ရှင် ဦးဘအေးက လုပ်သားပိုင်အဖြစ် လွှဲပြောင်းပေးခဲ့သဖြင့် လုပ်သားပိုင် မြန်မာ့အလင်းသတင်းစာအဖြစ် ဆက်လက်ထုတ်ဝေခဲ့သည်။

ယင်းနောက် ၁၉၆၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် မြန်မာ့အလင်းနှင့်အတူ ဟံသာဝတီသတင်းစာကို ပြည်သူပိုင် သိမ်းခဲ့ပြီး ဆက်လက်ထုတ်ဝေခဲ့ရာ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် မြန်မာ့အလင်းသတင်းစာ ထုတ်ဝေမှုကို ခေတ္တရပ်နားခဲ့သည်။ ယင်းနောက် ၁၉၉၃ ခုနှစ် ဧပြီ ၁၇ ရက်တွင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာကို မြန်မာ့အလင်းအမည်ဖြင့် ပြန်လည်အသက်သွင်းကာ ၁၉၉၆ ခုနှစ်တွင် ဗဟန်းမြို့နယ် ဗိုလ်ချုပ် (၂)ရပ်ကွက် နတ်မောက်လမ်းသွယ်(၁)အမှတ် (၅၃) သို့ ပြောင်းရွှေ့ထုတ်ဝေခဲ့သည်။

## ရောင်စုံစတင်ထုတ်ဝေ

ထို့နောက် ၂၀၀၉ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက် ပင်ရင်းဌာနကို နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲသို့ ထပ်မံပြောင်းရွှေ့ပြီး ရောင်စုံ ၁၆ မျက်နှာကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှစတင်၍လည်းကောင်း၊ ရောင်စုံ ၃၂ မျက်နှာကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်လည်းကောင်း ပြောင်းလဲထုတ်ဝေခဲ့သည်။

**မျက်မှောက်ကာလတွင် နိုင်ငံပိုင်သတင်းစာအနေဖြင့် ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်းသတင်းစာကို သတင်းအချက်အလက် နည်းပညာ ခေတ်နှင့်အညီ အများပြည်သူ စိတ်ဝင်စားမှု ရှိစေရေးအတွက်** ပုံမှန်ဖော်ပြပေးနေကျ ထုတ်ပြန်ကြေညာချက်များ၊ သတင်း၊ ဆောင်းပါး စသည်တို့အပြင် **ဇီဝစုံလင် သဘာဝဝန်းကျင်၊ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ၊ နိုင်ငံတကာ အားကစားမြင်ကွင်း၊ စိုက်၊ မွေး၊ စီးပွား၊ ရွှေနိုင်ငံမြင်ကွင်းကျယ်၊ နည်းပညာနှင့် သတင်းအချက်အလက်၊ ကုန်သွယ်စီးပွား ပြည်တွင်း ပြည်ပသတင်းများ အစရှိသည့် ကဏ္ဍသစ်များအား** အသွင်သစ် အမြင်သစ်ဖြင့် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

## ပထမဦးဆုံး သတင်းစာဆရာတစ်ဦး သတ်ဖြတ်ခံရမှု

၁၉၁၉ ခုနှစ် စက်တင်ဘာ ၁၁ ရက် ကြာသပတေးနေ့ ည ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့အလင်းသတင်းစာသစ်၏ တာဝန်ခံအယ်ဒီတာ ဆရာသင်သည် တိုက်အုပ် ဦးစိန်းနှင့်အတူ အိမ်သို့ပြန်ရန်အတွက် ရန်ကုန်ဘူတာကြီးဘက်သို့ လမ်းလျှောက်လာစဉ် ဘူတာကြီးနာရီစင် အနီးရောက်သောအခါ လူဆိုးမောင်မိုး ဆိုသူက ဆရာသင်အား ဓားဖြင့် ထိုးမှုကြောင့် ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့သည်။ အတူပါလာသော ဦးစိန်းကလည်း ၎င်းတွင်ပါလာသော တုတ်ဖြင့် လူဆိုးကြီး မောင်မိုးအား ရိုက်နှက်ခုခံခဲ့သော်လည်း မထိရောက်ခဲ့ပေ။ ထိုအချိန်က ဆရာသင် အသတ်ခံရမှုသည် မြန်မာနိုင်ငံသတင်းစာသမိုင်း၌ ပထမဦးဆုံး သတင်းစာ ဆရာတစ်ဦး လုပ်ကြံသတ်ဖြတ်ခံရမှုပင် ဖြစ်သည်။

## ဦးကိုကိုကြီး အရိုက်ခံရခြင်း

၁၉၂၀ ပြည့်နှစ် ဝန်းကျင်ခန့်က ရန်ကုန်အနောက်ပိုင်း ကြည့်မြင်တိုင်တွင် မီးအကြီးအကျယ် လောင်ခဲ့သည်။ မီးလောင်သည့် ရပ်ကွက်မှာ တိုက်အိမ်များထက် တဲများပေါများသော ရပ်ကွက်ဖြစ်သည်။ မီးသတ်သမားများသည် တိုက်အိမ်များကိုသာ မီးသတ်ပိုက်များဖြင့် ရေပက်ဖျန်းပေးခဲ့ပြီး တဲအိမ်များအားလုံးမှာ မီးဝါးမျိုခြင်း ခံလိုက်ရသည်။ ယင်းဖြစ်ရပ်တွင် တဲအိမ်များမှာ မီးလောင်လွယ်၍ အကုန်လုံးမီးကူးစက်လောင်ကျွမ်းသွားခြင်းပေလော သို့မဟုတ် တိုက်အိမ်ရှင်များက ငွေပေး၍ မီးသတ်သမားများက တိုက်အိမ်များကို ရေကြိုတင်ပက်ဖျန်းပေးနေသဖြင့် တဲအိမ်များမှာ မီးဝါးမျိုခံသွားရခြင်းပေလောဟု တွေးတောဖွယ်ရာ ရှိနေသည်။ ထို့ကြောင့် ဤအချက်ကို မြန်မာ့အလင်းက ကာတွန်းတစ်ပုံဖြင့် ကလိခဲ့သည်။

ဤသို့ မြန်မာ့အလင်းက ကာတွန်းရုပ်ပုံဖြင့် ကလိလိုက်ခြင်းကို မီးသတ်ဗိုလ်မျက်နှာဖြူမက်ကင်ဇီက အသရေဖျက်မှုဖြင့် တရားစွဲဆိုခဲ့သည်။ ထိုအမှုသည် ဒဏ်ငွေငါးရာမှ ထောင်ခြောက်လ အမိန့်ချမှတ်မည်ဖြစ်ကြောင်း ကြိုတင်သိနေကြသည်ဟု ဆိုသည်။ ထိုအတောအတွင်း၌ မီးသတ်ဌာနရှေ့မှ လန်ချားစီး၍သွားသော ဦးကိုကိုကြီးအား မီးသတ်သမားတစ်ဦးက သံတုတ်ဖြင့် ရိုက်ခဲ့သည်။ ထို့ကြောင့် ဦးကိုကိုကြီး၏နောက်စေ့တွင် သေရာပါရှင်ရာပါ ဒဏ်ရာကြီးရရှိခဲ့သည်။

ထိုအကြောင်းနှင့် ပတ်သက်၍ **"မြန်မာ့အလင်း သတင်းစာပိုင်ရှင် ဦးကိုကိုကြီးသည် မြန်မာ့အလင်း သတင်းစာသစ်ကို စတင်ထုတ်ဝေ၍မှ မကြာမီမှာပင် ဆရာသင် ဓားထိုး၍ အသတ်ခံရခြင်း၊ မိမိကိုယ်တိုင်လည်း သတင်းစာတွင် ပါလာသည့် သတင်းတပုဒ်ကြောင့် အရိုက်ခံခဲ့ရခြင်း၊ ဝေလမင်းသားအလည်လာစဉ်က ဦးစိန်းအား နယ်နှင်ဒဏ်** ပေးခြင်းတို့ကြောင့်

*စာမျက်နှာ ၁၇ သို့*



မြန်မာ့အလင်း သတင်းစာသစ်ကို ဆက်လက်ထုတ်ဝေခဲ့သူ ဦးကိုကိုကြီး




နောက်ဆုံးရသတင်းများဖြင့် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသည့် ၁၅-၄-၁၉၃၅ ရက်နေ့ထုတ် သတင်းစာ




၁-၂-၁၉၆၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မြန်မာ့အလင်းနှင့် ဟံသာဝတီ သတင်းစာတိုက် နှစ်တိုက်ကို ပြည်သူပိုင်လွှဲပြောင်းသည့်သတင်း။

*စာမျက်နှာ ၁၆ မှ*

သတင်းစာလုပ်ငန်းတွင် စိတ်ကုန်ခမ်းသွားဟန်တူသည်။ ၁၉၂၁ ခုနှစ် အကုန်လောက်တွင် မြန်မာ့အလင်းသတင်းစာတိုက်ကို ရောင်းချပစ်လိုက်ပြီး မန္တလေးသို့ပြန်၍ မိမိတတ်ကျွမ်းလာခဲ့သော ယက္ကန်းလုပ်ငန်းကို ထူထောင်လုပ်ကိုင်နေလေတော့သည်”ဟု သတင်းစာ ဆရာကြီး ဇဝနက စာနယ်ဇင်းနှင့် နိုင်ငံရေး စာတန်းတွင် မှတ်ချက်ပြုရေးသားခဲ့သည်။

### သူရိယနှင့် မြန်မာ့အလင်းတို့အကြားက ပြဿနာ

မြန်မာ့အလင်းသတင်းစာကို သူရိယသတင်းစာကြီး ပေါ်ထွက်လာပြီးနောက် သုံးနှစ်အကြာ ၁၉၁၄ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည်။ သူရိယသည် မြန်မာ့အလင်းထက် အသက် ၃ နှစ်ကြီးပြီး မြန်မာ့အလင်း၏ နောင်တော်ဟု ပင်ဆိုနိုင်သည်။ သို့သော် မြန်မာ့အလင်း၏ လုပ်ရပ်တစ်ခုကြောင့် သူရိယသတင်းစာကို ကြီးကြပ်အုပ်ချုပ်ထုတ်ဝေသူ ဘကြီးဘဖေနှင့် သူရိယဝိုင်းတော်သားအချို့၏ စိတ်ထဲတွင် အောင့်သက်သက်နှင့် ခံပြင်းခဲ့ရသော အချက် တစ်ချက်ရှိသည်။ အကြောင်းမှာ ဘာနုရာဇာနေမင်း(သူရိယ) သည် ရောင်ခြယ်တစ်ထောင် အလင်းရောင်ကိုသာ ဆောင်နိုင်သည်။ မြန်မာ့အလင်း၏ ဟာရိတ ပြဟ္မာကြီးမှာမူကား လက်ညှိုးတစ်ချောင်းညွှန်လျှင် စကြဝဠာ တိုက်တစ်သောင်းကို အမှောင်ခွင်း၍ အလင်းဆောင်နိုင်ပေသည်။ ဤသဘောကို ရည်ညွှန်းဖော်ဆောင်ပြီး မြန်မာ့အလင်းက သူရိယအား **“ရောင်ခြယ်တစ်ထောင်၊ အလင်းဆောင်သည့် ထွန်းပြောင်ထိန်ဝင်း ရှင်နေမင်းထက်၊ လွန်ကဲမင်းထ၊ ဟာရိတ…ဟု၊ ပြဟ္မအရောင်၊ ထွန်းလင်းပြောင်သား …”** ဟူသော ကဗျာဖြင့် မထိတထိ ကလိခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

> **❍ မြန်မာ့အလင်း၏ လုပ်ရပ်တစ်ခုကြောင့် သူရိယသတင်းစာကို ကြီးကြပ်အုပ်ချုပ်ထုတ်ဝေသူ ဘကြီးဘဖေနှင့် သူရိယဝိုင်းတော်သားအချို့၏ စိတ်ထဲတွင် အောင့်သက်သက်နှင့် ခံပြင်းခဲ့ရသော အချက်တစ်ချက်ရှိသည်။ အကြောင်းမှာ ဘာနုရာဇာနေမင်း(သူရိယ)သည် ရောင်ခြယ်တစ်ထောင် အလင်းရောင်ကိုသာ ဆောင်နိုင်သည်။ မြန်မာ့အလင်း၏ ဟာရိတပြဟ္မာကြီးမှာမူကား လက်ညှိုးတစ်ချောင်းညွှန်လျှင် စကြဝဠာတိုက်တစ်သောင်းကို အမှောင်ခွင်း၍ အလင်းဆောင်နိုင်ပေသည်။ ဤသဘောကို ရည်ညွှန်းဖော်ဆောင်ပြီး မြန်မာ့အလင်းက သူရိယအား “ရောင်ခြယ်တစ်ထောင်၊ အလင်းဆောင်သည့် ထွန်းပြောင်ထိန်ဝင်း ရှင်နေမင်းထက်၊ လွန်ကဲမင်းထ၊ ဟာရိတ…ဟု၊ ပြဟ္မအရောင်၊ ထွန်းလင်းပြောင်သား …”ဟူသော ကဗျာဖြင့် မထိတထိ ကလိခဲ့ခြင်းကြောင့်ပင်**

နောက်ပိုင်း၌မူကား သူရိယသည် ဂျွန်ဦးစောလက်ထဲသို့ ရောက်သွားခဲ့ပြီးနောက် မြန်မာ့အလင်းသတင်းစာမှာ နှိပ်ကွပ်ခံခဲ့ရလေတော့သည်။ ဂျွန်ဦးစောအာဏာရနေသည့်အချိန် ၁၉၄၀ ပြည့်နှစ်တွင် ပန်းတနော်မြို့နယ် မင်းဂရုရွာတွင် တည်ရှိသော ဘုရားတစ်ဆူ၏ ပရိဝုဏ်အတွင်းသို့ မအူပင် အရေးပိုင် မစ္စတာဝက်ဖ်စတာဆိုသူက ဖိနပ်စီးဝင်ရောက်ခဲ့ခြင်းကို မြန်မာ့အလင်း ခေါင်းကြီးပိုင်းမှ “အိုင်စီအက်စ်များ” ဟူသည့်ခေါင်းစဉ်ဖြင့် ရှုတ်ချရေးသားခဲ့သည်။ ယင်းနှင့်ပတ်သက်၍ ရက်အကန့်အသတ်မရှိ ပိတ်ပစ်ခြင်းခံလိုက်ရလေတော့သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ထိုအချိန်က မြန်မာ့အလင်းသတင်းစာ တာဝန်ခံအယ်ဒီတာ ဦးသန်းတင့်(ခူဝံ) နှင့် ဦးစောတို့ နှစ်ကြိမ်ခန့်တွေ့ဆုံခဲ့ပြီးနောက် အပိတ်ခံရသည့်နေ့မှ ၁၅ ရက်အကြာတွင် ပြန်လည်ထုတ်ဝေခွင့်ရခဲ့သည်။

### အယ်ဒီတာချုပ် ဦးစိန်း နယ်နှင်ဒဏ်အပေးခံရ

၁၉၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက်တနင်္လာနေ့တွင် ဝေလမင်းသား မြန်မာပြည်သို့ ရောက်ရှိလာသည်။ အဌမမြောက် ဗြိတိသျှဘုရင်လောင်းလျာဖြစ်သောဝေလ အိမ်ရှေ့မင်းသား (နောင်သော် ဝင်ဆာမြို့စားကြီး) ကို အလိုတော်ရိကြီးများက သမီးကညာများဖြင့် ပန်းစည်းဆက်၍ ကြိုဆိုသော ကပွဲများ၊ ညှော်ခံပွဲများဖြင့် ခမ်းနားကြီးကျယ်စွာ ကျင်းပရန် စီစဉ်ထားကြသည်။ သတင်းစာများကမူ သပိတ်မှောက်ရန် လှုံ့ဆော်ရေးသားကြသည်။ သို့အတွက် The New Burma သတင်းစာ အယ်ဒီတာ ဦးဘလှိုင်ကို မော်လိုက်သို့၊ မြန်မာ့အလင်း သတင်းစာဆရာ ဦးစိန်းအား ဟုမ္မလင်းသို့၊ မြန်မာ့ဝန်ထမ်း သတင်းစာ ရမ်းဗြဲဦးမောင်မောင်အား အခြားမြို့တစ်မြို့သို့ နယ်နှင်ဒဏ်ပေးခဲ့သည်။ ဝေလမင်းသားပြန်သွားပြီးနောက်မှသာ ထိုအမိန့်များကို ရုပ်သိမ်းခဲ့သည်ဟု ဆိုသည်။

၁၉၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်ဗုဒ္ဓဟူးနေ့ထုတ် New Burma သတင်းစာ၌ မြန်မာ့အလင်းသတင်းစာကို ကျပ်ငွေ ၂၀၀၀၊ ပညာ့အလင်းသတင်းစာကို ကျပ်ငွေ ၂၀၀၀၊ ဗန္ဓုလဂျာနယ်ကို ကျပ်ငွေ ၂၀၀၀၊ ဝရဇိန်ဂျာနယ်ကို ကျပ်ငွေ ၂၀၀၀ အကြောင်းတစ်စုံ တစ်ရာမပြဘဲ အစိုးရက အာမခံ တင်ခိုင်းကြောင်းပါရှိသည်။ ထိုသို့ သတင်းစာများကို အာမခံတောင်း၍ “ဂုဏ်ပြုရာ၌” ထိုအထဲ၌ မြန်မာ့ဝန်ထမ်းသတင်းစာ မပါရှိသည်ကို ကျွန်ုပ်တို့ အံ့ဩစွာ တွေ့ရှိကြောင်းဟူ၍ မှတ်ချက်သဘောဖြင့် ဖော်ပြထားကြောင်း တက္ကသိုလ်ထင်ကြီး၏ မြန်မာနိုင်ငံသတင်းစာများအညွှန်း (ပထမတွဲ) တွင် ဖော်ပြထားသည်။

### ဗြိတိသျှအစိုးရက ခေါ်ယူသတိပေးခြင်း

၁၉၃၆ ခုနှစ်တွင် ဂျာနယ်ကျော် ဦးချစ်မောင်အား ဗြိတိသျှအစိုးရအရာရှိက မြန်မာ့အလင်း သတင်းစာပါ သတင်းတစ်ပုဒ်နှင့်ပတ်သက်၍ ခေါ်ယူသတိပေးခဲ့သည်။ အကြောင်းမှာမူကား အက်ဒဝပ်ဘုရင်(ဝေလမင်းသား) နန်းစွန့်သည့်သတင်းကို မြန်မာ့အလင်းမှ ဦးဦးဖျားဖျား ဖော်ပြလိုက်ခြင်းကြောင့်ပင်ဖြစ်သည်။ အဆိုပါသတင်း အပြည့်အစုံမှာ **“ကျွန်ုပ်မှန်သည်ဟု ယူဆ၍ လိုက်ခဲ့သော လမ်းစဉ်သည် ပြည်သူလူထု၏ ပျော်ရွှင်ရေးနှင့်တကွ အင်္ဂလန်ထီးနန်းနှင့် အင်ပါယာ ခိုင်မြဲရေးအတွက် အကောင်းဆုံးဖြစ်လိမ့်မည်ဟု ယုံကြည်မြော်လင့်ပါသည်ဟူ၍ အက်ဒဝပ်ဘုရင်သည် ထီးနန်းစွန့်သဝဏ်လွှာကို ကမ္ဘာသို့ ဖတ်ကြားအသံလွှင့်ပြီး ၁၉၃၆ ခုနှစ် အကုန် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ညီတော်ဖြစ်သူ ယော့နယ်စား (ယခု အဲလစ်ဇဘက် ဘုရင်မ၏ ဖခင်)အား ဆဋ္ဌမမြောက်ဂျော့ဘုရင်အဖြစ် ထီးနန်းကို လွှဲအပ်ပေးခဲ့လေသည်၊ အက်ဒဝပ်ဘုရင်သည် ဝင်ဆာ မြို့စားကြီးအဖြစ် ခံယူကာ မစ္စက်ဆင်မဆင်ကို လက်ထပ်ယူခဲ့လေ၏”** ဟု အိန္ဒိယပြည် ကာလကတ္တားမြို့မှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော အမ်မရီတာဘဇား ပတ်ထရီကာ သတင်းစာကြီးထဲ၌ ပါရှိလာသည်ကို ဦးသိန်းဖေမြင့်က ယင်းသတင်းကိုဖြတ်ယူ၍ လေကြောင်းစာဖြင့် ပေးပို့ခဲ့သည်။ အဆိုပါစာမှာ မြန်မာ့အလင်းသို့ နေ့ချင်းရောက်ရှိလာသဖြင့် နိုင်ငံခြားကြေးနန်း ဘာသာပြန် အယ်ဒီတာ ဆရာ ဇဝနက ဘာသာပြန်ဆိုရေးသား၍ မြန်မာ့အလင်းသတင်းစာ မျက်နှာဖုံးတွင် ဝေဝေဆာဆာ ထည့်သွင်းဖော်ပြခဲ့လေသည်။

နောက်တစ်နေ့နံနက်၌ အဆိုပါ သတင်းနှင့်ပတ်သက်၍ မြန်မာ့အလင်း သတင်းစာကြီး တစ်စောင်တည်းတွင်သာ ပထမဦးစွာပါရှိလာသဖြင့် ကြီးစွာ ဂယက်ရိုက်လေတော့သည်။ ထိုသတင်းကို အစိုးရပိုင်းက ဘိလပ်ကသတင်းမလာသေးခင် မြန်မာ့အလင်းမှ သတင်းထည့်ခဲ့သည့်အတွက် ဖြေရှင်းရန် အတွင်းဝန်ချုပ် မစ္စတာဘုသ်ဂရေဗလီက အတွင်းဝန်ရုံးသို့ခေါ်ယူခဲ့သည်။ ထိုအခါ မြန်မာ့အလင်းမှ တာဝန်ခံအယ်ဒီတာ ဂျာနယ်ကျော် ဦးချစ်မောင်က လုံချည်ဝတ်၊ ခုံဖိနပ်ကြီး တဂျောက်ဂျောက်နှင့် အတွင်းဝန် ရုံးခန်းသို့ ဝင်သွားပြီး ကုလားထိုင်ကို အသံမြည်အောင် ဆွဲထိုင်လိုက်ရာ အတွင်းဝန်ချုပ်က ဝေလမင်းသားနန်းစွန့်သည့်သတင်းကို ဘိလပ်ကကြေးနန်းမရသေးသည့်အတွက် အတည်မဟုတ်သေးကြောင်း၊ ထို့ကြောင်း သတင်းပြန်ပြင်ထည့်ရန် ဒေါသတကြီးပြောဆိုခဲ့ရာ ဂျာနယ်ကျော် ဦးချစ်မောင်က **“ခင်ဗျားတို့အစိုးရသတင်း အရနောက်ကျနေတာကို ကျုပ်ကတိုင်းသူပြည်သား တယောက်အနေနဲ့တော့ အများကြီးဝမ်းနည်းပါတယ်။ ဒီသတင်းဟာ အမှန်သတင်းဖြစ်နေပြီမို့ ကျုပ်ပြင်ပြီး ထည့်မပေးနိုင်ဘူး။ အချိန်မကြာတော့ပါဘူး၊ ဘိလပ်က ဒီသတင်းနဲ့ပတ်သက်ပြီး ခင်ဗျားတို့ဆီ အမြန် ရောက်လာတော့မှာမို့ ခင်ဗျားတို့ အစိုးရအဖွဲ့ကြီး မကြာခင်လိမ်မာလာပါလိမ့်မယ်”**ဟု ပြော၍ ထွက်ခဲ့လေသည်ဟု ဂျာနယ်ကျော်မမလေး၏ သူလိုလူစာအုပ်ကို ကိုးကား၍သတင်းစာ ဆရာကြီး ချစ်ကြည်ရေး ကြည်ညွှန့်က သမိုင်းဝင် သူရိယ - မြန်မာ့အလင်းနှင့် မြန်မာနိုင်ငံရေးစာအုပ်တွင် ရေးသား ဖော်ပြခဲ့သည်။ **(ဆက်လက်ဖော်ပြပါမည်)**

---

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ Certificate in Digital Marketing and Innovation–CDMI(Batch–I) ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၁၂**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၌ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို တတ်သိနားလည်ပြီး အသုံးချနိုင်စေရန်၊ ပြိုင်ဘက်လုပ်ငန်းများထက် သာလွန်သော ဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာ သဘောတရားများ၊ နည်းလမ်းများနှင့် ဆန်းသစ်တီထွင်မှုများကို သိရှိစေရန်၊ လက်တွေ့ဈေးကွက်ဖော်ဆောင်ရာ၌ ကြုံတွေ့ရမည့် ပြဿနာများကို ဖြေရှင်းရာတွင် နည်းစနစ်ကျစွာ တွေးခေါ်တီထွင်ဆန်းသစ်နိုင်စေရေးအတွက် အထောက်အကူပြုနိုင်စေရန်နှင့် နိုင်ငံတကာအဆင့် ဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာ နည်းပညာများကို ကျွမ်းကျင်စွာအသုံးပြုနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ Certificate in Digital Marketing and Innovation–CDMI (Batch–I) Free Online Certificate Course ကို ၂၀၂၃ ခုနှစ် ဩဂုတ်လ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် https://forms.gle/FX5QmvXRrJvYcF8U9 Link မှတစ်ဆင့် Google Form တွင် ဖြည့်စွက်ပြီး ၁၆-၈-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## မင်းလှမြို့နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်း

**အထက်မင်းလှ ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မလွန်ကျေးရွာတွင် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ (Bakery & Snack) သင်တန်းဆင်းပွဲကို ဩဂုတ်၁၀ရက်က မလွန်ကျေးရွာ စကြောဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးလင်းထက်အောင်က ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်သည့် သင်တန်းတွင် သင်ကြားပေးခဲ့သည့် ဘာသာရပ်များကို လက်တွေ့အသုံးချ၍ မိသားစုအပိုဝင်ငွေရရှိစေရေး ဆက်လက်ဆောင်ရွက်သွားရန် မှာကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ စာတွေ့ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ရာ မလွန်ကျေးရွာနှင့် ညောင်ပင်ကျင်းကျေးရွာမှ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**



# မိုင်းဆတ်မြို့နယ်မှ (၁၃) ကြိမ်မြောက် အာခါရိုးရာ ဒန်းစီးပွဲတော်

ယဉ်လာဒ်



တစ်နှစ်မှာ တစ်ကြိမ်သာ ကျင်းပလေ့ရှိတဲ့ အာခါတိုင်းရင်းသားတို့ရဲ့ အထိမ်းအမှတ် ရိုးရာပွဲတော်တစ်ခုဖြစ်တဲ့ အာခါရိုးရာ စုပေါင်းဒန်းစီးပွဲတော်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ်အုပ်စု အူးဖူဒွေ့(ခ) ဦးအားဆော်ကျေးရွာမှာ ဩဂုတ် ၁၁ ရက်ကနေ ၁၄ ရက်အထိ တစ်ဖန်ပြန်လည်ကျင်းပနေပါပြီ။

ဒီပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့တာ အခုဆိုရင် (၁၃) ကြိမ်မြောက် ရှိလာခဲ့ပြီဖြစ်ပါတယ်။ အာခါရိုးရာ စုပေါင်းဒန်းစီးပွဲတော် သို့မဟုတ် စည်းလုံးခြင်း ဒန်းစီးပွဲတော်လို့ ခေါ်ဆိုကျင်းပကြပါတယ်။

## ထင်ရှားတဲ့ပွဲတော်များ

အာခါလူမျိုးတို့မှာ ရိုးရာပွဲတော် ၁၂ မျိုးခန့် ရှိတဲ့အနက် ထင်ရှားတဲ့ပွဲတော်များကတော့ အာခါဒန်းစီးပွဲတော်၊ ခါးထောင်းပွဲတော်၊ ကြက်ဥနီပွဲတော်တို့ ဖြစ်ပါတယ်။ ခါးထောင်းပွဲတော်က နှစ်သစ်ကူးပွဲတော်ဖြစ်ပြီး ကြက်ဥနီပွဲတော်ကတော့ သင်္ကြန်ကာလမှာ အသက်အရွယ်ကြီးသူတွေကို စုပေါင်းကန်တော့ကြတဲ့ ပွဲတော်တစ်ခုဖြစ်ပါတယ်။

## အလေးထားရာပွဲတော်တစ်ခု

အာခါတိုင်းရင်းသားတို့ရဲ့ ရိုးရာမိရိုးဖလာ စုပေါင်းဒန်းစီးပွဲတော်ဟာ အာခါတိုင်းရင်းသားများအတွက် အထွတ်အမြတ်ထားရာနဲ့ အလေးထားရာ ပွဲတော်တစ်ခုဖြစ်ပါတယ်။ ဝမ်းစာအတွက် ထွန်ယက်စိုက်ပျိုးထားတဲ့ စပါးအညွန့် စထွက်လာချိန် ဝမ်းမြောက်စွာနဲ့ လူကြီး၊ လူငယ်၊ မိတ်သင်္ဂဟများပါမကျန် ဖိတ်ခေါ်ပြီး ပျော်ပွဲရွှင်ပွဲကျင်းပခြင်းနဲ့အတူ မင်္ဂလာသီချင်းဆိုကာ ဒန်းကို အမြင့်ဆုံးအထိလွှဲစီးပြီး မိမိနှစ်သက်သူနဲ့ ညားမယ်ဆိုပါကတောင်ကြီးတစ်ခြမ်းလုံးကို စပါးခင်းကြီးဖြစ်အောင် လုပ်ဆောင်မယ်လို့ သတ္တိအရာပြောင်မြောက်ကြောင်း ဒန်းစီးရင်း သီချင်းသီဆိုကျင်းပကြတဲ့ပွဲတော်ဖြစ်ပါတယ်။

## ညီရင်းအစ်ကိုပမာ စည်းလုံးမှု

အားလုံးအတူတကွပါဝင်တဲ့ ဒန်းကြိုးကို စံထားပြီး တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုပမာ စည်းလုံးမှုကို အခြေခံကြောင်း ပြသတဲ့ပွဲတော်လည်း ဖြစ်ပါတယ်။

တစ်နှစ်မှာတစ်ကြိမ် ကျင်းပကြတဲ့ ပွဲတော်ကို အာခါတိုင်းရင်းသားတွေ တက်ရောက်ကြလေ့ရှိသလို အိမ်နီးချင်းနိုင်ငံများမှာ ရောက်ရှိနေကြတဲ့ အာခါတိုင်းရင်းသားတွေလည်း ဒီရိုးရာဒန်းစီးပွဲတော်ကို နှစ်စဉ်တက်ရောက်လေ့ရှိပါတယ်။

‘‘ကျွန်တော်တို့ အာခါတိုင်းရင်းသားတွေမှာ ၈ လပိုင်းမှာကျင်းပတဲ့ အာခါရိုးရာဒန်းစီးပွဲတော်ရှိပါတယ်။ ကျွဲနေ့၊ ကျားနေ့၊ ယုန်နေ့ အဲဒီလို အစပြုပြီး ပွဲတော်ကို ကျင်းပပါတယ်။ အခု ကျင်းပတာ ၁၃ ကြိမ် ရှိပါပြီ။ အခု ဒီတစ်ခေါက်ပွဲတော်ကိုတော့ ဝန်ကြီးဌာနကရော ပြည်နယ်အဆင့်က တာဝန်ရှိသူတွေပါ လာရောက်ကြပါတယ်’’လို့ အာခါတိုင်းရင်းသား အရပ်အကြီးအကဲတစ်ဦးက ဆိုပါတယ်။

## ပြည်တွင်းနှင့်ပြည်ပမှ အာခါတိုင်းရင်းသားများ

ရှမ်းပြည်နယ်တစ်ခုလုံးမှာတော့ အာခါတိုင်းရင်းသားလူမျိုးစု လူဦးရေ နှစ်သိန်းကျော်ရှိပြီး ထိုင်း၊ ဗီယက်နမ်၊ လာအို၊ တရုတ်တို့မှာ နေထိုင်ကြတဲ့ အာခါတိုင်းရင်းသားတွေလည်းရှိကြောင်းနဲ့ အခုကျင်းပနေတဲ့ပွဲတော်ကို တက်ရောက်လာမယ်လို့ အာခါတိုင်းရင်းသား အရပ်အကြီးအကဲတစ်ဦးက စာရေးသူကို ပြောပြပါတယ်။

လက်ရှိမှာတော့ ထိုင်းနိုင်ငံမှာ အာခါတိုင်းရင်းသားလူဦးရေ နှစ်သိန်း၊ လာအိုနိုင်ငံမှာ အာခါတိုင်းရင်းသားလူဦးရေ ရှစ်သောင်း၊ ဗီယက်နမ်နိုင်ငံမှာ လေးသောင်းနဲ့ တရုတ်နိုင်ငံမှာ အာခါတိုင်းရင်းသား လူဦးရေ နှစ်သန်းခွဲဝန်းကျင် နေထိုင်ကြတယ်လို့ သိရပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ကနေ နှစ်နာရီလောက် ကားစီးလာရင် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ကို ရောက်ရှိပါတယ်လို့ ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ဆိုပါတယ်။ မိုင်းတွမ်းတောင်ပေါ်အုပ်စုက အူးဖူဒွေ့ (ခ) ဦးအားဆော်ကျေးရွာမှာ အာခါတိုင်းရင်းသားတွေ အများဆုံး နေထိုင်ကြပြီး အိမ်ခြေပေါင်း ၂၀၀ နီးပါးလောက်နဲ့ အာခါတိုင်းရင်းသား လူဦးရေ ၅၀၀ နီးပါး နေထိုင်ကြပါတယ်။

ရှမ်းပြည်နယ်မှာ အရောင်အသွေးစုံလင်လှပတဲ့ ချစ်စရာတိုင်းရင်းသားပေါင်းစုံ နေထိုင်ကြပြီး တိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ ယဉ်ကျေးမှုတွေဟာ လူမျိုးစုတစ်ခုနဲ့တစ်ခု မတူညီကြပါဘူး။

တိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ပွဲတော်တွေဟာ ပြည်တွင်းပြည်ပက ခရီးသွားတွေအတွက် စိတ်ဝင်စားဖွယ်ရာ လေ့လာစရာတွေများစွာနဲ့ ဆွဲဆောင်ထားနိုင်ကြပါတယ်။ ဒီလိုတိုင်းရင်းသားတွေရဲ့ ရိုးရာပွဲတော်တွေကို အခါအခွင့်သင့်တဲ့အခါ သွားရောက်လေ့လာလည်ပတ်နိုင်စေဖို့ မျှဝေဖော်ပြပေးလိုက်ပါတယ်။ ။

**“အားလုံးအတူတကွပါဝင်တဲ့ ဒန်းကြိုးကိုစံထားပြီး တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုပမာစည်းလုံးမှုကို အခြေခံကြောင်း ပြသတဲ့ပွဲတော်လည်း ဖြစ်ပါတယ်။ တစ်နှစ်မှာတစ်ကြိမ် ကျင်းပကြတဲ့ ပွဲတော်ကို အာခါတိုင်းရင်းသားတွေ တက်ရောက်ကြလေ့ရှိသလို အိမ်နီးချင်းနိုင်ငံများမှာ ရောက်ရှိနေကြတဲ့ အာခါတိုင်းရင်းသားတွေလည်း ရိုးရာဒန်းစီးပွဲတော်ကို နှစ်စဉ်တက်ရောက်လေ့ရှိပါတယ်”**





အာခါရိုးရာ စုပေါင်းဒန်းစီးပွဲတော်ကို မိုင်းဆတ်မြို့နယ် အူးဖူဒွေ့ (ခ) ဦးအားဆော်ကျေးရွာ၌ ဩဂုတ် ၁၁ ရက်က ကျင်းပစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဩဂုတ် ၁၂**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူ အားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ အသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာယူ-၂၃ အသင်းသည် ၂၀၂၃ အာဆီယံ ယူ-၂၃ ပြိုင်ပွဲကျင်းပမည့် ထိုင်းနိုင်ငံသို့ ဩဂုတ် ၁၂ ရက် ညနေပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

မြန်မာယူ-၂၃ အသင်းတွင် ကစားသမားများအဖြစ် ဂိုးသမား- ဟိန်းထက်စိုး (ရှေ့ဝတီယူနိုက်တက်)၊ နေလင်းထက် (မဟာယူနိုက်တက်)၊ ပြည့်ဖြိုးသူ (ရတနာပုံ)၊ နောက်တန်း-ရှင်းသန့်အောင် (ဟံသာဝတီယူနိုက်တက်)၊ မိုးဆွေအောင် (အား/ကာသိပ္ပံ)၊ မင်းခန့် (ရခိုင်ယူနိုက်တက်)၊ ထူးမြတ်ခန့် (ကချင်ယူနိုက်တက်)၊ လတ်ဝေဘုန်း (ရှေ့ဝတီယူနိုက်တက်)၊ နောင်နောင်စိုး (ရတနာပုံ)၊ လန်းဆန်းအောင် (အား/ကာသိပ္ပံ)၊ သက်ဟိန်းစိုး(ရတနာပုံ)၊ ဉာဏ်လင်းထက် (ရန်ကုန်)၊ အလယ်တန်း-မင်းမော်ဦး (သစ္စာအားမာန်)၊ စိုးမင်းဦး (မြဝတီ)၊ ဟိန်းဇေယျာမင်း(မြဝတီ)။ အာကာကျော် (မဟာယူနိုက်တက်)၊ ပီတာအောင်ဝေထူး (ရှေ့ဝတီယူနိုက်တက်)၊ ချစ်အေး (ရတနာပုံ)၊ ညီညီ (ကချင်ယူနိုက်တက်)၊ ခွန်ကျော်ဇင်ဟိန်း (ဟံသာဝတီ)၊ အောင်မျိုးခန့် (ရတနာပုံ)၊၊ မိုးဆွေ (ရတနာပုံ)၊ သန်းတိုးအောင် (ကချင်)၊ ရှေ့တန်း - သန်းတိုးအောင် (GFA)၊ စွမ်းထက် (ရတနာပုံ) တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၂၃ အသင်းအမာခံကစားသမားအချို့မှာ ကလပ်အသင်းပွဲစဉ်များနှင့် တိုက်ဆိုင်နေသဖြင့် ယခုပြိုင်ပွဲတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။ မြန်မာ ယူ-၂၃ အသင်းသည် ဩဂုတ် ၁၁ ရက်က ရန်ကုန်ယူနိုက်တက် အသင်းနှင့် ခြေစမ်းကစားပြီးနောက် ပဏာမကစားသမား ၃၇ ဦးမှ ၂၅ ဦးရွေးချယ်ခဲ့သည်။




မြန်မာယူ-၂၃ အသင်းသည် အာဆီယံ ချန်ပီယံရှစ် အုပ်စု (က)တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းအသင်းတို့နှင့် ကျရောက်လျက်ရှိပြီး ဩဂုတ် ၁၇ တွင် ထိုင်း၊ ဩဂုတ် ၁၉ တွင် ကမ္ဘောဒီးယား၊ ဩဂုတ် ၂၁ တွင် ဘရူနိုင်း အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

❖ *ကျောဖုံးမှ*

ပွဲချိန်အများစု ဖိအားပေးကစားနိုင်ခဲ့သည်။ သို့သော်လည်း နော်တင်ဟမ်အသင်း၏ ဟန့်တားရှင်းထုတ်ပုံနှင့် တုံ့ပြန်ကစားပုံ ကောင်းမွန်မှုကြောင့် အာဆင်နယ်အသင်း သွင်းဂိုးရရှိရေး ရုန်းကန်ခဲ့ရသည်။

ပွဲချိန် ၂၆ မိနစ်တွင် မာတင်နယ်လီ၏ ဖန်တီးမှုကို အင်ခီတီယာက အဆုံးသတ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် အာဆင်နယ်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ အင်ခီတီယာ၏ အဆိုပါ သွင်းဂိုးသည် အာဆင်နယ်အသင်းအတွက် ဇန်နဝါရီလနောက်ပိုင်း ပထမဆုံးအကြိမ် ရရှိခဲ့သည့် သွင်းဂိုးလည်းဖြစ်သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရသော်လည်း နော်တင်ဟမ်အသင်း၏ ကစားအားတက်လာခြင်းမရှိဘဲ အာဆင်နယ်အသင်း၏ ဖိအားပေးမှုကိုသာ ခုခံကာကွယ်ခဲ့ရသည်။ ပွဲချိန် ၃၂ မိနစ်တွင် အာဆင်နယ်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး အသင်းအဓိက ကစားသမား ဆာကာက သွင်းယူပေးခဲ့သည်။

လူစားဝင်ကစားသမား အီလန်ဂါ၏ ဖန်တီးမှုကို အယိုနီရီက အဆုံးသတ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပွဲချိန် ၈၃ မိနစ်တွင် နော်တင်ဟမ်အသင်း ချေပဂိုးရရှိခဲ့သည်။ ထို့နောက်တွင် ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် အာဆင်နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

### အဖွင့်ပွဲစဉ် မန်စီးတီးနိုင်

ဩဂုတ် ၁၂ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် တန်းတက်ဘန်လေနှင့် ချန်ပီယံမန်စီးတီးအသင်းတို့ ပွဲစဉ်တွင် မန်စီးတီးအသင်းက သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ဟာလန်းနှင့် ရိုဒရီတို့က သွင်းယူပေးနိုင်ခဲ့သည်။

ပွဲချိန်ပြည့်ခါနီးတွင် ဘန်လေအသင်းမှ ဇာရော်ရီသည် မန်စီးတီးခံစစ်ကစားသမား ဝေါကာကို ဖျက်ထုတ်ပုံ ကြမ်းတမ်းမှုကြောင့် ဗွီအေအာရ် ပြန်လည်ကြည့်ရှုစစ်ဆေးကာ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ ထို့ကြောင့် ဘန်လေအသင်းသည် ပရီမီယာလိဂ် အဖွင့်ပွဲစဉ်မှာပင် ရမှတ်ဆုံးရှုံးခဲ့သည့်အပြင် အနီကတ်ပါ ပြသခံခဲ့ရသည့်အတွက် များစွာနစ်နာခဲ့ရသည်။

### အခြားပွဲရလဒ်များ

အခြားပွဲစဉ်ရလဒ်များမှာ ဘရိုက်တန်က လူတန်ကို လေးဂိုး- တစ်ဂိုး၊ ဖူလ်ဟမ်က အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိ၊ ခရစ္စတယ်ပဲလေ့စ်က ရှက်ဖီးလ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး ဘုန်းမောက်နှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်တွင် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

**အောင်ဇော်**

# မော်လမြိုင်ကျွန်းမြို့နယ်၌ ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်း အခြေခံသင်တန်းဖွင့်

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနကကြီးမှူး၍ အခြေခံဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်း သင်တန်းကို မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းခြံချောင်းကျေးရွာ၌ ဩဂုတ် ၁၁ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မော်လမြိုင်ကျွန်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော်က အမှာစကားပြောကြားပြီး မြောင်းမြခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူး ဒေါ်ဝေဝေလင်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ပြောကြားသည်။ သင်တန်းကို ပထမအကြိမ်အဖြစ် ရက်ပေါင်း ၃၀ ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ဒုတိယအကြိမ် မွမ်းမံသင်တန်းကို ၁၅ ရက်ကြာ ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် သင်တန်းဆင်းများမှ ထူးချွန်သူသင်တန်းသားငါးဦးအား အသေးစားကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရေးအတွက် ငွေကျပ် ၁၀ သိန်းနှင့် ညီမျှသည့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| စာတည်း | | |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၀၀ ကျပ် | ၂၅၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၇၅ ကျပ် | ၂၆၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၁၀ ကျပ် | ၂၃၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၂၇၆ | ၂၄၇၆၈၀၀ |
| MTSH | ၃၀၀၀ | ၃၁၀၀ | ၁၃၃၈ | ၄၀၆၆၀၀၀ |
| MCB | ၇၆၀၀ | ၈၀၀၀ | ၂၄၁ | ၁၉၂၆၈၀၀ |
| FPB | ၁၆၀၀ | ၁၆၅၀ | ၂၉၉၃ | ၄၉၃၅၄၅၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၃ | ၇၃၅၀ |
| EFR | ၂၃၀၀ | ၂၃၅၀ | ၄၅၃ | ၁၀၆၁၅၅၀ |
| AHPC | ၅၀၀၀ | ၅၀၀၀ | ၁၀၁ | ၅၀၅၀၀၀ |
| MAEPC | ၁၉၀၀ | ၁၉၀၀ | ၃၉၆၁ | ၇၅၂၅၉၀၀ |

ညီညီ - စုစည်းသည်

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်း လျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။
(င) **ခိုလမ်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) **မော်လမြိုင်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) **ရန်ကုန်မြို့** တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံတပ်မြို့။
(ဍ) **မန္တလေးမြို့** တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။
(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၈-၂၀၂၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၂)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်သက်သက်မွန်နှင့် အထက်တန်းရှေ့နေ ဒေါ်ချယ်ရီသန်းစိုးတို့၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း ကြော်ငြာတွင် ဦးတင့်လွင်၏ မှတ်ပုံတင်အမှတ် ၁၂/ မရက(နိုင်)၁၁၈၅၇၁အစား မှတ်ပုံတင်အမှတ် **(၁၂/ မရက(နိုင်)၀၁၈၅၇၁)**ဟု အမှန်ပြင်ဆင် ဖတ်ရှုပါရန်။

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ အိုးလုပ်ရပ်ကွက်၊ အကွက်အမှတ် (၂၈)၊ အကွက်အမည်- အိုးလုပ်အကွက်၊ ဦးပိုင်အမှတ် (၁၃၄.စ +၁၃၆ဃ+၁၃၅.က)၊ မြေဧရိယာ (၀.၀၂၆+၀.၀၁၆+၀.၀၄၆)ဧက စုစုပေါင်းမြေဧရိယာ(၀.၀၈၈)ဧကရှိ အောက်ဖော်ပြပါ အလား အလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၁၃၄.ခ)၊(၁၃၅.ခ)၊ (၁၄၃.င)
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၁၃၄.င)၊ (၁၃၆.ခ)၊ (၁၃၆.က)၊ (၁၃၇)၊(၁၃၈)
(ဂ) တောင်လားသော် - နိဗ္ဗာန်လမ်း
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၁၄၁.ခ)၊(၁၄၁.င)၊ (၁၄၁.ဃ)၊ (၁၄၀.က)

အထက်ဖော်ပြပါမြေကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးစိုးနိုင်သူ၊ ဒေါ်အေးအေးမျိုးမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မတိုင်မီ သက်ဆိုင်ရာစာရွက် စာတမ်း အထောက် ထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းဦးစီးဌာန၊ ထားဝယ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ဃ/၂၇၈၈၉, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်း ၆/ရဖန(နိုင်)၀၅၃၄၀၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/55767, Yunde 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဇင်စိုး ၇/ပခတ(နိုင်)၀၁၇၈၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်မ မငယ်ငယ် ၁၃/လရန(နိုင်)၁၉၂၆၀၇၏ နိုင်ငံကူးလက်မှတ် (MD-842801)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၂၀၉၇၅၅၆**

## မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

လားရှိုးမြို့၊ ဝင်းနိုင်အောင် မြေ(ကပက)၊ ဧက ဒသမတန်းမှ စိုင်းစွမ်ခေး (က၀-၃၈၄/၂၂)၏ မွေးသက္ကရာဇ်မှာ (၁၀-၇-၂၀၀၇) ဖြစ်ပြီး ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့်မှတ်ပုံတင်မူရင်းအရ ဦးစိုင်းကျော်အုံ ၁၃/လရန(နိုင်)၀၈၃၂၀၁၁ဖြစ် ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၇)၊ ကွင်း/အကွက်အမှတ်(RAI/ကွက်ပြင်-၁)၊ ဦးပိုင်အမှတ် (၄၆-ဃ)၊ ဂရန်အမှုတွဲအမှတ် (၁၀၇၁/၂၀၁၅-၁၆)အရဒေါ်အက်စတာ အမည်ပေါက် မြေဧရိယာအကျယ်အဝန်း (၀. ၃၅) ဧကရှိ ဂရန်မြေကွက်နှင့် ၎င်းမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြဖြူဖြူမင်း (စဉ်-၄၀၁၉၄)**
**(အထက်တန်းရှေ့နေ) (LL.B, D.B.L, D.I.L, I.P.Law)**
**ရပ်ကွက်ကြီး ( ၁၀ )၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၅၀၉၃၃၃၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ လှူနေရပ်ကွက်အမှတ်(၇)၊ ပဏ္ဍိတလမ်း၊ မြေကွက်အမှတ်(၂၁/ပ ၁-က)၊ မြေပိုင်မြေ(လ/န-၃၉)ရပြီး မြေအမျိုးအစား၊ မြေအကျယ်ပေ (၇၀x၆၀)၊ ဧရိယာ (၀.၀၉၅)ဧက (ဦးခင်မောင်လွင်အမည်မှ အင်ရန်ကီး(ခ)ဦးဝင်းမောင် အမည်ပြောင်းမြေပိုင်မြေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ RC(၂)ထပ်တိုက်(ရေ၊ မီးစုံ)နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိထားအမည်ပေါက်ပိုင်ဆိုင်သူ ဦးအင်ရန် ကီး(ခ)ဦးဝင်းမောင် ၁၂/လသန(နိုင်)၀၁၂၉၆၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဆွေဦး ၅/မမန(နိုင်)၀၅၆၃၈၄ က အပြီးအပိုင်ဝယ်ယူ မည်ဖြစ်၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးအောင်ဆွေဦး | ဒေါ်ညိုမာထွေး(စဉ် - ၁၄၆၇၂) |
| ၅/မမန(နိုင်)၀၅၆၃၈၄ | တရားလွှတ်တော်ရှေ့နေ |
| | အမှတ်(၇၉/ခ)၊ ခရေလမ်း၊ (၁၅)ရပ်ကွက်၊ |
| | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ |
| | ဖုန်း-၀၉-၄၂၀၂၉၄၀၀၄ |

## အထူးကိုယ်စားလှယ်လွှဲစာ ဖျက်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄)၊ မြေကွက်အမှတ် (၅၇၀)၊ အကျယ်အဝန်းပေ (၄၀x၆၀)၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်၏ အမည်ပေါက်ဖြစ်သူ ဒေါ်ခင်အေးအေးမြစ် ၁၂/ဗတထ(နိုင်)၀၁၅၄၂၉ မှ ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၄-၆-၂၀၀၇ ရက်တွင် အထူးကိုယ် စားလှယ်လွှဲစာအမှတ်-၅၃၂၁/၂၀၀၇ ဖြင့် ဦးမောင်မောင် (ပီဘီဒီအင်န်-၀၀၄၆၈၀)သို့ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။ ယခုအခါ အဆိုပါအထူးကိုယ်စားလှယ်လွှဲစာအား လက်ခံသူ ဦးမောင်မောင်မှ ၎င်းမြေကွက်နှင့်ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စရပ်များ ပြီးစီးပါသဖြင့် အဆိုပါအထူးကိုယ်စားလှယ်လွှဲစာအား လွှဲအပ်သူ ဒေါ်ခင်အေးအေးမြစ်မှ ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M) တရားလွှတ်တော်ရှေ့နေ၊ စဉ် (၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊**
**၀၉-၄၅၀၀၉၉၀၆၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာရပ်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ် (၁၈၇)၊ မြေယာအမှတ်(187)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေနေရာအား မြေငှားဂရန်အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်အားကိုက် ၁၃/တယန(နိုင်)၀၁၇၂၂၂မှ မြေငှားဂရန်အမည်ပြောင်း/သက်တမ်းတိုး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာပါသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၉၉၄/B)၊ အကျယ်အဝန်းပေ(၂၀x၆၀) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဒေါ်စိုးစိုး ၁၂/မဂဒ(နိုင်)၀၈၆၁၀၉ မှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သူဇာလွင် ၇/ရတန(နိုင်)၀၈၂၂၂၅ ထံသို့ ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေး ငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သတ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချမ်းမြေ့ဦး (တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၁၂၅၁၄) (၁၆-၅-၂၀၀၇)**
**အမှတ်(၈၃၇)၊ ဒုတိယထပ်၊ သုခိတာလမ်းသွယ်၊ မဟာသုခိတာလမ်းမကြီး၊**
**အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်**
**ရုံးဖုန်း-၀၁-၃၆၄၃၂၉၆၊ ၀၉-၂၆၂၄၅၈၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဒ/၁၇ရပ်ကွက်၊ မြေတိုင်း (၆၃)၊ ဓမ္မသုခလမ်း၊ အမှတ်-၂၁၆၄(ခ)လိပ်စာပါ ၂၀ပေx၆၀ပေရှိ မြေကွက်နှင့်ယင်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိထားပိုင်ဆိုင်သည့် ၈/ပခက(နိုင်)၀၄၄၂၆၇ ဦးမောင်ကြိုင်ထံမှ ၁၂/ရပသ(နိုင်)၁၀၅၇၃၈ ဦးအောင်နိုင်လင်းမှ ဝယ်ယူရန်သဘောတူပြီးဖြစ်ကာ စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်အရောင်း အဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ဦးအောင်နိုင်လင်းထံသို့ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သက်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဦးဇော်ဦး(LL-B)**
**စဉ်-၁၂၇၂၀**
**ဖုန်း-၀၉-၄၅၀၈၈၆၃၅၃**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၃၃၃(က)၊ ကျောက်စိမ်းလမ်း၊ ၅/ဧရပ်ကွက်၊ ရွှေပြည်သာမြို့**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၅၂)ရှိ ရွှေမြယာအိမ်ရာ(၂)၊ တိုက်(B)၊ (၃)လွှာ၊ Unit (L) ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့်သက်ဆိုင်သည်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်ဇော် ၁၂/ပဘတ(နိုင်)၀၁၈၃၃၃ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးဇော်နိုင် ၁၂/မဂတ (နိုင်)၁၂၀၂၆၆၊ ဒေါ်သက်နေထက် ၉/ပမန(နိုင်)၂၆၂၂၃၉တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L) | ဒေါ်ခင်စောသိန်း (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆) |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြို့မရပ်/မြေကွက်အမှတ် (ပ-၂၀၆၃၁)၊ အလျားပေ ၆၀xအနံပေ ၈၀၊ ဧရိယာ ၀.၁၁၀ဧကရှိ နှစ် ၃၀ ဂရန်မြေ၏ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ဦးဝဏ္ဏခင်ဇော်(ဘ)ဦးခင်ဇော် ၅/ကလဝ(နိုင်)၀၀၃၇၈၆မှ ဦးဇာနည်ဟိန်းဇော်(ဘ)ဦးသည်းမွန် ၅/မရန(နိုင်)၀၀၁၇၈၂ ထံသို့ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၇-၁၀-၂၀၁၀ရက်တွင် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၃)အား ၁၃-၈-၂၀၂၃ ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးဝဏ္ဏခင်ဇော်**
**၅/ကလဝ(နိုင်)၀၀၃၇၈၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၁)၊ မြေကွက်အမှတ် (၇၅၇)၊ မလိခလမ်း၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးအောင်ဝင်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးဇော်ထက်အောင်၁၂/သခန(နိုင်)၁၁၅၁၄၄ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်မာသောစာချုပ် စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/93828, Suzuki Smash 112, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယွန်းမေသော် ၇/ပခတ(နိုင်)၀၉၉၈၇၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/56968, Yamaha NVX 155, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းထက်အောင် ၇/ရတန(နိုင်)၁၁၀၈၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/8858, BAJAJ MAXI MA-Zm T/W အား စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်နေ ဦးထွန်းအေးသာ ၁၁/ကတန(နိုင်)၁၁၉၈၂၈ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရက်၃၀ အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15U/6505, BAJAJ 200, T/Wအား တောင်ကုတ်မြို့၊ ကိုင်းရှည်ရပ်ကွက်နေ အောင်ကျော်သူရ ၁၀/မလမ(နိုင်)၀၀၅၉၅၇ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရက်၃၀အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ အောင်မင်္ဂလာ(၃)လမ်း၊ အမှတ်(ယ၇/၂၃)တွင်ကုမ္ပဏီဖွင့်လှစ်ထားသည့် Golden Plan Co.,Ltd. (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၁၂၇၂၈၄၅၁)၏ အစုရှယ်ယာဝင်အစည်းအဝေးဆုံးဖြတ်ချက်အရ ဒါရိုက်တာ ဦးနွေဦးကို ၉/ပမန(နိုင်)၁၇၃၈၂၀ အား ၉-၈-၂၀၂၃ ရက်မှစ၍ ကုမ္ပဏီမှ ထုတ်ပယ်လိုက်ပါကြောင်း အများပြည်သူ သိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

**Golden Plan Co.Ltd.**
**ပျဉ်းမနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၂၆)၊ (၂)ခန်းတွဲ RC(၆)ထပ်အဆောက်အအုံ၏ (ပဉ္စမထပ်)၊ (၆-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင်(ဘယ်ဘက်အခန်း)၊ ဧရိယာ(၁၀၂၆)စတုရန်းရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်နှင်းယုဝေ ၁၂/မဂဒ(နိုင်)၀၉၀၅၀၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးကျော်သက်ဝင်း ၅/ခဥတ(နိုင်)၀၈၃၃၄၀၊ ဒေါ်ခင်ချမ်းမြေ့ဟန် ၉/မတရ(နိုင်)၁၈၆၇၇၉တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်သက်ဝင်း၊ ဒေါ်ခင်ချမ်းမြေ့ဟန်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)၊ တရားလွှတ်တော်ရှေ့နေ- (စဉ်-၁၅၄၅၅)**
**Ph-09-421157856, 09-798458627**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ် (၁၂၂၂)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဦးကျင်စိန် ၁၂/လသယ(နိုင်) ၀၀၅၂၉၅အမည်ပေါက်မြေချပါမစ်မြေကွက်အား ပါမစ်အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူလက်ရှိလက်ရောက်ပိုင်ဆိုင်ထားသူ ဦးဇော်ဦး ၁၄/ကလန(နိုင်)၀၇၉၉၁၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန္ဒာအေး ၁၂/တမန(နိုင်)၀၀၄၀၃၃က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B)(စဉ် - ၂၂၇၄၇)၊ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်၄၈၄၃၁)အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊(၁၆၈)ရပ်ကွက်၊ ဇေယျာကျော်ထင်လမ်း၊အမှတ် (၅၉၈)ဟုခေါ်တွင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဦးကျော်မြင့် (DLA-၀၀၈၅၈၄)အမည်နှင့်ရရှိထားသောမြေကွက်ဖြစ်ပြီး မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေကွက်၏ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားသည် ဦးချိုခင် ၁၂/ဒဂဆ(နိုင်)၀၀၀၀၀၃မှ မိမိသာလျှင်တရားဝင်လက်ဝယ်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ဝန်ခံကတိပြုသူထံမှ အထက်ပါမြေကို ကျွန်တော်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံ စာရွက်စာတမ်းအထောက်အာထားမူရင်းများနှင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာထွန်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၇၈၀၅) ၂၉-၇-၂၀၁၆**
**အမှတ်(၄၈၃)၊ မြရတနာ(၁)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-09-770535299၊ 09-448292625**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)**
**မြစ်သားမြို့နယ် တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၈**

ဒေါ်ခင်ချိုမြင့် နှင့် ဦးဆန်းဝင်း
တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ညောင်ပင်သာကျေးရွာနေ တရားပြိုင် ဦးဆန်းဝင်း (ဘ) ဦးဖေယျ (ယခုနေရပ်လိပ်စာမသိ) သိရှိစေရမည်။

သင့်အပေါ်တွင် တရားလိုမှ လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုထားသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၂၁ရက်(၁၃၈၅ခုနှစ်၊ ဝါခေါင်လဆန်း ၅ရက်) နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၇ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက် သည်။

**(ခင်ဇာနီအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြစ်သားမြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်အမှန်
ရမည်းသင်းမြို့နယ်၊ လက်ဆည်ကန်ကျေးရွာနေဦးကျော်သူ၏သမီး မအိစန္ဒာစိမ့် ၉/ရမသ (နိုင်)၁၀၃၈၂၃၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၆-၁၉၈၄ ဖြစ်ပါကြောင်း။

## အမည်ပြောင်း
အမ်းမြို့၊ အထက(၁) Grade-11မှ (ဘ)ဦးအောင် ၁၁/အမန (နိုင်)၀၀၃၉၄၈ ၏ သားမောင်သန်းအောင်အား မောင်မျိုးအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်မျိုးအောင်**

## မွေးသက္ကရာဇ်အမှန်
ရမည်းသင်းမြို့၊ ဝါတိုးဈေးကုန်းရပ်နေ ဦးအောင်သိန်း၏သမီး ဒေါ်စန်းစန်းအေး ၉/ရမသ (နိုင်)၀၀၅၆၁၉ ၏မွေးသက္ကရာဇ်အမှန်မှာ ၃-၅-၁၉၆၂ ဖြစ်ပါကြောင်း။

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်
ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ညောင်ခက္ကန်ကျေးရွာနေ ဦးခင်မောင်သန်း၏သမီး မနှင်းဦးနွယ် ၁၁/မပတ (နိုင်)၀၄၆၄၁၉ ၏ အမည်မှန်မှာ ဒေါ်နှင်းဦးနွေဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ် အမှန်မှာ ၂၂-၂-၁၉၉၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း ၊ အမှတ် (၄၄)၊ (၂)ခန်း တွဲ RC(၈ ၁/၂) ထပ်အဆောက်အအုံ၏ သတ္တမထပ်(စလွှာ)/A(တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်းအခန်း)၊ ဧရိယာ (၁၁၅၉)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချ ပိုင်ခွင့်ရှိသည့်ဟု ဝန်ခံသူဖြစ်သော ဦးညွန့်လွင် ၁၂/သဃက(နိုင်)၀၂၀၄၆၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ဆုမွန် ၁၂/ဒဂဆ(နိုင်)၀၀၅၇၀၃၊ ဦးစဟိန်းထက်ကို ၂/လကန(နိုင်)၀၅၀၇၆၆၊ ဒေါ်မို့မို့အောင် ၁၂/ရကန(နိုင်)၀၁၂၆၄၀တို့က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆုမွန်၊ ဦးစဟိန်းထက်ကို၊ ဒေါ်မို့မို့အောင်တို့၏**
**လွှဲအပ်ညွှန့်ကြားချက်များအရ**
**ဒေါ်သူဇာကျော်**
**LL.B.D.B.L,D.I.L.D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 7B/6787,Super 2.5 Ton.L/T ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှရီ ၁၄/ဖပန(နိုင်)၁၈၄၆၂၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညနတိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 6G/9810,Nissan AD Vay12, Station Wagon (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းသီတာ ၇/ပထတ(နိုင်)၀၇၃၁၈၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
**( တရားမကျင့်ထုံးဥပဒေအမိန့် ၄၁ ၊ နည်းဥပဒေ ၁၄)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၂၁ ခုနှစ် ၊ တရားမပထမအယူခံမှုအမှတ် - ၂၉**

ဒေါ်ခင်ခင်မြင့် နှင့် ၁။ ဦးဝင်းနိုင်အောင်
၂။ ဒေါ်မြင့်မြင့်သူ
အယူခံတရားလို အယူခံတရားပြိုင်များ

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့စွဲပါ ပြင်ဦးလွင်ခရိုင် တရားရုံးတော်မှ တရားမကြီးမှု အမှတ်- ၅၀/၂၀၁၆ ကို အယူခံမှု။

အယူခံတရားပြိုင် ၁။ ဦးဝင်းနိုင်အောင် ရှမ်းရိုးမ(မန္တလေး-ကျောက်မဲ) ခရီးသည်ပို့ဆောင်ရေး၊ စိတ်ဓာတ်သုခလမ်း၊ စိန်အောင်ဝင်းရုပ်ရှင်ရုံမျက်နှာစာတန်း၊ ပန်မောင်ရပ်၊ ကျောက်မဲမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ပြင်ဦးလွင်ခရိုင် တရားရုံးတော်က ချမှတ်ပေးသည့် ဒီကရီကို ဒေါ်ခင်ခင်မြင့်က အယူခံရာ ဤရုံးတွင် မှတ်ပုံစာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်)နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေဒီဇင်ဘာအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## အမည်မှန်
မကွေးခရိုင်၊ မြို့သစ်မြို့၊ UTM ကိုယ်ပိုင်အထက်တန်း အဆင့်သင်ကျောင်းတွင် ပညာသင်ကြားနေသော (ဘ)ဦးခင်မောင်ဌေး၏ သမီး Grade-10 ကျောင်းသူ မနှင်းဆုမွန်၏ အမည်မှန်မှာ မနှင်းစုမွန်ဖြစ်ပါကြောင်း။
**မနှင်းစုမွန်**

## ပတ်စ်ပို့ပျောက်
ကျုံပျော်မြို့နယ်၊ ရွှေနံ့သာလမ်းနေ ဦးစိုးမိုးအောင်၏သား မင်းခန့်ကျော် ၁၄/ကဝန(နိုင်)၂၆၇၁၈၂၏ နိုင်ငံကူး လက်မှတ် အမှတ် (MC 137174)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၂၈၃၅၁၁၅**

## ဖခင်အမည်မှန်
မကွေးခရိုင်၊ မြို့သစ်မြို့၊ UTM ကိုယ်ပိုင်အထက်တန်း အဆင့် သင်ကျောင်းတွင် ပညာသင်ကြားနေသော Grade-10 ကျောင်းသား မောင်နိုင်ဇော်လင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ၈/မသန(နိုင်)၀၇၁၁၈၂ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်
အမ်းမြို့နယ်၊ ဆင်ခုံတိုင်ကျေးရွာနေ (ဘ)ဦးလှိုင်ရွှေ၏ သား ဦးစန်းလွင် ၁၄/အမန(နိုင်)၀၀၇၈၃၆၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၃-၁၉၆၃ ဖြစ်ပါကြောင်း။
**ဦးစန်းလွင်**
**၁၄/အမန(နိုင်)၀၀၇၈၃၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/တိုးချဲ့)၊ အမှတ်(၈၅၇)၊ အကျယ်အဝန်းပေ(၄၀x၆၀)၊ နှစ်(၆၀) ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်ကျော်လွင် ၁၂/ဥကတ(နိုင်)၀၄၂၁၁၄ အမည်ဖြင့်တည်ရှိပြီး အဆိုပါမြေကွက်ကြီးထဲမှ အကျယ်အဝန်းပေ (၂၀x၆၀)၊ အမှတ် (၈၅၈)နှင့်ကပ်လျက်ဘက်အခြမ်း၊ မြေကွက်နှင့်အိမ်အား ရောင်းချသူ ဦးအောင်ကျော်စိုး ၁၂/ဥကတ(နိုင်)၀၁၇၂၉၈ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပါကြောင်း၊ တရားရုံးနှင့်တကွ အပေါင်အနှံအရှုပ် အရှင်းကင်းရှင်းကြောင်း၊ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို ဒေါ်မြင့်သဇင် ၁၂/ဒဂမ(နိုင်)၀၂၃၉၉ သည် စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာ တမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိမ့်ဖြူနိုင် LLB,D.B.L,DML**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၇)**
**တိုက်(အေ-၂)၊ အခန်း(၀၀၃)၊မြေညီ၊ချယ်ရီ(၁)လမ်း၊**
**ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံအရှေ့မြို့နယ်။**
**ဖုန်း-၀၉-၇၆၄၅၀၅၄၈၂၊ ၀၉-၅၅၀၅၄၈၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်းလျက်ကျေးရွာ၊ ကွင်းအမှတ်-၅၇၁ᵃ၊ ကွင်းအမည်- ရင်းတိုက် ပင်ကွင်း၊ ဦးပိုင်အမှတ်-၃၈/၂၊ ဧရိယာ-(၁.၃၈)ဧကေ၊ R3မြေအမျိုးအစားမြေနှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးကျော်မိုး၊ မသန်းသန်းရွှေတို့မှ ရောင်းချလိုကြောင်းကမ်း လှမ်းရာ ကျွန်ုပ်မိတ် ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ-ဦးသီဟအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၁၀)**
**အမှတ်(၇၀၂/ခ)၊ ရုံးပေါင်းစုံလမ်း၊ မြို့နယ်တရားရုံးရှေ့၊ မှော်ဘီမြို့၊**
**ဖုန်း-၀၉-၄၂၅၀၁၅၄၈၅၊**

## ကန့်ကွက်နိုင်ပါသည်
စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင်(၉၅)၊ အခန်း(၂၄)၏ပိုင်ရှင် Myanmar Pride Int'l LTDအမည်ပေါက်ဆိုင်ခန်း၏ မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာများမှ ဦးမိုဟာမက်ဖာရွတ်(ခ) ကျော်ကျော် ၁၂/ပဘတ(နိုင်)၀၀၇၆၂၂သို့ အပြီးအပိုင်လွှဲပြောင်းပေးပြီးဖြစ်ပါ၍ ထိုပွဲရုံဆိုင်ခန်းအား ဦးမိုဟာမက်ဖာရွတ်(ခ)ကျော်ကျော်မှ ၎င်းအမည်သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နား စခန်း ကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**တာဝန်ခံအရာရှိ**
**စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း**
**ကွပ်ကဲမှုရုံး**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## ကန့်ကွက်နိုင်ပါသည်
စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိပွဲရုံအဆောင်(၉၅)၊ အခန်း(၂၃)၏ပိုင်ရှင် Myanmar Pride Int'l LTD အမည်ပေါက်ဆိုင်ခန်း၏ ဒါရိုက်တာ ဦးမောင်မောင်(ခ)အဗ္ဗဒူရာမန် ၁၂/ပဘတ(နိုင်)၀၁၀၃၁၀မှ ဦးမိုဟာမက်ဖာရွတ်(ခ)ကျော်ကျော် ၁၂/ပဘတ(နိုင်)၀၀၇၆၂၂သို့ အပြီးအပိုင်လွှဲပြောင်းခဲ့ပြီးဖြစ်ပါ၍ ထိုပွဲရုံဆိုင်ခန်းအား ဦးမိုဟာမက်ဖာရွတ်(ခ)ကျော်ကျော်မှ ၎င်းအမည်သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းကွပ်ကဲမှုရုံး သို့စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကြေညာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**တာဝန်ခံအရာရှိ**
**စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း**
**ကွပ်ကဲမှုရုံး**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း
ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်၊ အကွက်အမှတ် (၅၈၊သီလဝ-၃)၊ မြေကွက်အမှတ် (၉၇၀)၊ ဦးပိုင် အမှတ်(၂၀၄)ဧရိယာ(၀.၀၈၆)ဧကအား မြို့မြေတိုးချဲ့ရေးလုပ်ငန်းကော်မတီမှ ဒေါ်မာမာအေး(ပညာရေး) အမည်ဖြင့် မြေကွက် ချထားပေးခဲ့ပါကြောင်း၊ ၎င်းမြေကွက်အမှတ်(၉၇၀) အား ဦးရဲမျိုးအောင်မှဝယ်ယူခဲ့ပြီး ဦးရဲမျိုးအောင်အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် ဤဌာန/ရုံးသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဦးရဲမျိုးအောင်အမည်ဖြင့် မြေငှားဂရန်အသစ်ချထားပေးနိုင်ရေးအတွက် လုပ်ထုံး၊ လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရမည်းသင်းမြို့**

## အမည်မှန်
ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မကျည်းမြိုင်ရပ်ကွက်နေ (ဘ) ဦးထွန်းသာ၏သား ၁၁/ကတန (နိုင်)၀၃၈၅၆၈ ၏ အမည်မှန်မှာ ဦးခင်မောင်သန်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း
ဝေါမြို့၊ ဘိုးဘုံရပ်ကွက်၊ ကွင်းအမှတ် (TL-၁၀)၊ ဦးပိုင်အမှတ် (၃၃-ခ)၊ ဧရိယာ ၀ဒသမ၀၄၅ဧကရှိ ဘိုးဘွားပိုင် မြေကွက်အား ဦးဌေးအောင် ၇/ဝမန(နိုင်)၀၇၆၁၆၈မှ အမည်ပြောင်းလျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အပြည့် အစုံဖြင့် ကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဦးဌေးအောင်**
**၇/ဝမန(နိုင်)၀၇၆၁၆၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း
ဝေါမြို့၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ ကွင်းအမှတ် (TL-၉)၊ ဦးပိုင်အမှတ် (၁၅-ခ)၊ ဧရိယာ ၀ ဒသမ၀၆၁ ဧကရှိ ဘိုးဘွားပိုင် မြေကွက်အား ဒေါ်ဆုမြတ်နွေး ၇/ဝမန(နိုင်)၁၅၁၅၉၈ မှ အမည်ပြောင်းလျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆုမြတ်နွေး**
**၇/ဝမန(နိုင်)၁၅၁၅၉၈**

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ခိုင်ရွှေဝါ(ဗဟို)လမ်း၊ တိုက်အမှတ်(၁၉၅)၊ အခန်းအမှတ်(ပထမထပ်)(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၂ပေ× ၅၀ပေ) ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဆွေမာအေး(၁၂/သဃက(နိုင်)၀၀၃၇၁၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်ဝင်းဝင်းဖြိုး** | **ဦးဇော်မျိုးနိုင်** |
| LL.B, D.B.L,D.I.L,U.F.L(Eng:) | LL.B, D.B.L |
| အထက်တန်းရှေ့နေ (စဉ်-၃၇၈၂၄) | အထက်တန်းရှေ့နေ (စဉ်-၄၅၆၅၃) |

အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်းအပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉ ၂၅၀၂၉၀၇၈၁ ၊ ၀၉ ၄၂၁၁၂၀၃၄၇

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း
နေပြည်တော် ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၃/ညောင်ပင်ဝိုင်း၊ မြေကွက်အမှတ် (၈၃)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးမြင့်ဝေ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ပြည့်ဖြိုးအိ(ဘ)ဦးကျော်ဝင်း ၉/ပမန(နိုင်)၂၁၉၄၄၈မှမြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း
နေပြည်တော် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂၈/ငလိုက်ချောင်း၊ ဦးပိုင်အမှတ် (၃၄)၊ ဧရိယာ(၀.၀၅၆)ဧကရှိ မြေကွက်အား ဒေါ်အဲန်းမေရီ ၂/ဒမဆ (နိုင်)၀၃၈၁၂၇ မှ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်ဆိုချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးပိုင်အမှတ် (၃၄)၊ ဧရိယာ(၀.၀၅၆)ဧကေအနက် ဧရိယာ(၀.၀၃၀)ဧကအား မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

